ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ (17-7-2011) (၆၈၂၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တစ်ဧကတင်း(၅၀-၆၀) ထွက်ရှိနိုင်သည့် အထူးအထွက်တိုး နေကြာစိုက်ခင်း၌ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများအား ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

အထွက်နှုန်းကောင်းမွန်စေရန် သိပ္ပံနည်းကျစနစ်ဖြင့် စိုက်ပျိုး တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်၊ ဈေးနှုန်းမြင့်ဈေးကွက်ရရှိအောင် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသည့် အထူးအထွက်တိုးစပါး တောင်သူပညာပေး ဧက ၂၀ စိုက်ခင်း၌ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူများအား တွေ့ဆုံ၍ အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်အား အသုံးပြုရန်၊ သွင်းအားစု၊ စိုက်ပျိုးရေ အပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများနှင့် ပိုးမွှားရောဂါကာကွယ်ဆေးများကို အချိန်ကိုက်၊ အချိုးကျ ထိရောက်မှန်ကန်စွာသုံးစွဲရန်၊ ထွက်ရှိလာသည့် သီးနှံများ တန်ဖိုးမြှင့်ထုတ်ကုန်အဆင့်အထိ ထုတ်လုပ်ပြီး တွက်ခြေကိုက်သည့် ဈေးနှုန်းမြင့်ဈေးကွက်ရရှိ ခိုင်မာအောင် ဆောင်ရွက်ရမည့် နည်းလမ်းများကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်၊ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် လယ်ယာမြေဖော်ထုတ်ရေးနှင့် စိုက်ပျိုးရေရရှိရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

ဆင်းရဲနွမ်းပါးသူပြည်သူများ၏ စားရေး၊ နေရေး၊ ဆေးဝါးကုသနိုင်ရေးနှင့် သား၊ သမီးများ ပညာသင်ကြားရေး ဖြည့်ဆည်းပေးရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်ရွယ်ချက်များ လျင်လျင်မြန်မြန် အကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၁၆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီဝင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်၊ ဗဟိုသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်ကပို ကျွဲကောအထူးပြု သီးနှံစုံစိုက်ပျိုးခြံသို့သွားရောက်လေ့လာခဲ့ပြီး ကျိုက်ထိုမြို့ သမဝါယမအသင်းစုချုပ်ရုံး၌ နှစ်ရှည်သီးနှံစုံ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဥယျာဉ်ခြံသစ်သီးဝလံ စိုက်ပျိုးလုပ်ကိုင်သူများ၊ သမဝါယမအသင်းစု၊ အသင်းများ၊ သမဝါယမလုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေး အသင်းများ ဖွဲ့စည်းဆောင်ရွက်နေမှုများနှင့် သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက လည်းကောင်း၊ လယ်ယာသီးနှံ၊ နှစ်ရှည်သီးနှံနှင့် ဥယျာဉ်ခြံသီးနှံစသည့် သီးနှံသုံးမျိုးစိုက်ပျိုးရေး ဆောင်ရွက်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်ရန်အတွက် စိုက်ပျိုးစရိတ် လျော့နည်းအောင် ဆောင်ရွက်ရန်၊ သီးနှံများ အထွက်တိုးအောင် ဆောင်ရွက်ရန် အရေးကြီးပုံများနှင့်ထွက်ရှိလာသောသီးနှံများကို ဈေးကွက်တင်ပို့ရာတွင် တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် နည်းပညာအသုံးပြုဆောင်ရွက်၍ ဝင်ငွေတိုးတက်ရရှိနိုင်မည့် အခြေအနေများနှင့် နည်းပညာများ ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများကို ဒေါက်တာစိန်လှဗိုလ်က လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းမှတ်ပုံတင်ပေးခြင်းနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ◆

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် သထုံမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ သစ်သီးဝလံစိုက်ပျိုးသူများ၊ သမဝါယမအသင်းစု အသင်းသားများ၊ ကျေးလက်သမဝါယမလုပ်ငန်းများတွင် စိတ်ပါဝင်စားသူများအား တွေ့ဆုံရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၁၇ - ၇ - ၂၀၁၁
(တနင်္ဂနွေနေ့)

အရည်အသွေးနှင့် ထုတ်လုပ်မှုအရှိန်အဟုန်မြှင့်

နိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးကိုအခြေခံနေသည်။ နှစ်စဉ်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာရေး ဦးတည်ကြိုးပမ်းလျက်ရှိရာ ဆန်စပါးနှင့် ပဲမျိုးစုံထုတ်လုပ်မှုမြင့်မားသောနိုင်ငံအဆင့်သို့ ရောက်ရှိလာခဲ့ပြီ။ စိုက်ပျိုးရေး ကဏ္ဍကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းလျက်ရှိသည်။

စက်မှုနိုင်ငံအဖြစ် ပြောင်းလဲနိုင်ရန် အခြေခံကောင်းများကို တည်ဆောက်နေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံအဖြစ် တစ်ဆင့်မြင့် တက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းကြရပေမည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကအပိုင်း ဟန်ချက်ညီညီဆောင်ရွက် ကြရပေမည်။ ယခုအခါ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ စက်မှုနယ်မြေများ သာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရန် စက်မှုဇုန်များကို ထူထောင်အားပေးလျက်ရှိသည်။

နည်းပညာထုတ်လုပ်မှုမြင့်မားသည့် စက်ရုံများကို စက်မှုနယ်မြေအလိုက် ထူထောင်ထားရှိပြီးဖြစ်ရာ ဘက်စုံသုံး ဒီဇယ်အင်ဂျင်များ၊ အကြီးစားစက်နှင့် စက်ကိရိယာပစ္စည်းများ၊ တာဘိုင်နှင့် ဂျင်နရေတာများကို ထုတ်လုပ်နေကြပြီ။ တစ်ဖက်မှလည်း သွင်းကုန်အစားထိုး စက်ရုံအများအပြားကို တိုးချဲ့တည်ဆောက် ပေးလျက်ရှိရာ လူသုံး၊ အိမ်သုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်နိုင်လျက်ရှိသည်။

နိုင်ငံတော်၏ ပံ့ပိုးအားပေးမှုနှင့်အတူ နိုင်ငံတစ်ဝန်း၌ စက်မှုဇုန်များ ထူထောင်ပေးခဲ့ပြီ။ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို နည်းပညာနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးကူညီလျက်ရှိရာ စက်မှုလက်မှု လုပ်ငန်းပေါင်း ခြောက်သောင်းကျော်အထိ ရှိလာပြီဖြစ်သည်။စက်မှု နိုင်ငံတော်အဖြစ်သို့ အချိန်တိုအတွင်း တက်လှမ်းနိုင်ရေး အဆင့်မြင့်နည်းပညာ များ အသုံးပြုနိုင်မည့် ကျွမ်းကျင်ပညာရှင်များကိုလည်း စဉ်ဆက်မပြတ် မွေးထုတ် ပေးလျက်ရှိသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နည်းပညာသစ်များ ရရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်။ဒေသခံပြည်သူများအတွက် အလုပ် အကိုင်အခွင့်အလမ်းသစ်များ ပိုမိုရရှိလာမည်။ ဒေသဖွံ့ဖြိုးပြီး ဆင်းရဲနွမ်းပါးမှု လျှော့နည်းစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ပုဂ္ဂလိကနှင့်အများပိုင်အခန်းကဏ္ဍတို့ကို မြှင့်တင်ခြင်းနှင့် စက်မှုဇုန် များ၏အခန်းကဏ္ဍ ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် စက်ရုံ၊ အလုပ်ရုံအလိုက် အရေအတွက်သာမက အရည်အသွေးမြင့်မားရေး၊ ဈေးကွက် ဝယ်လိုအားရှိသော ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အလေးထားကြ ရပေမည်။ စက်ရုံ၊ အလုပ်ရုံအလိုက် အရည်အသွေးမီ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ သုံးဦးသုံးဖလှယ် အရှိန် အဟုန်မြှင့် ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၀၅၀၀	၀. ၀၃၃၂၇
တရုတ် (ယွမ်)	၆. ၄၆၂၀၀	၀. ၁၅၄၇၅
အိန္ဒိယ (ရူပီး)	၄၄. ၅၁၀၀	၀. ၀၂၂၄၆
မလေးရှား (ရင်းဂစ်)	၃. ၀၀၇၅၀	၀. ၃၃၂၅၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၉၄၀	၀. ၈၂၀၀၇
ဂျပန် (ယန်း)	၇၉. ၁၁၀၀	၀. ၀၁၂၆၄
တောင်ကိုရီးယား(ဝမ်)	၁၀၅၇. ၈၅	၀. ၀၀၀၉၄
ယူရို	၀. ၇၀၆၇၁	၁. ၄၁၅၀၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၉၈၀	၁. ၆၁၃၄၀

အင်တာနက်။

ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော် အဖွင့်အမှာစကားပြောကြားစဉ်။(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာအုပ်စု၌ ကျင်းပသည့် ပုသိမ်ဧရာ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်အမှတ်(၁)က လယ်ယာကုန်ထုတ်အသင်းအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပုသိမ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစည်က လယ်ယာကုန်ထုတ် အသင်းများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် အထူးပြုကုမ္ပဏီများက လယ်ယာကုန်ထုတ်အသင်းများသို့ ပံ့ပိုး ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ပုသိမ်ဧရာ ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက် အမှတ်(၁)မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်လှိုင်က ပံ့ပိုးပစ္စည်းများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်းက စိုက်ပျိုးရေးခြံများ၌ မျိုးကောင်း၊ မျိုးသန့်စပါးမျိုးများ စနစ်တကျမျိုးပွားဆောင်ရွက်ထားရှိမှုကို ဆွေးနွေး တင်ပြပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်သူများ အတွက်လိုအပ်သော စိုက်ပျိုးနည်းစနစ်များ၊ အရင်းအနှီးများ၊ သွင်းအားစုများကို ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး စိုက်ပျိုးရေးခြံအတွင်း သိပ္ပံ နည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်၍ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် လယ်ယာကုန်ထုတ်အသင်းရှိ တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးနိုင်ရေးအတွက် ရွှေခြင်္သေ့စိုက်ပျိုးရေး စွမ်းအားမြှင့်ကုမ္ပဏီလုပ်ငန်းစုမှ ဒါရိုက်တာ ဦးစိုင်းအောင်မိုး ခေါင်းဆောင်သော စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်း နယ်အရောင်းကိုယ်စားလှယ် ၁၉ ဦးပါဝင်သော လေ့လာရေးအဖွဲ့ ဇူလိုင် ၁၀ ရက်မှ ၂၃ ရက်ထိ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်နိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်ကြရာ ဂန္ထဝင်ရွှေပုဂံ Travels & Tours Co., Ltd. မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်ကြစဉ်။ (ကြေးမုံ)

မိုးမိတ်အသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

မိုးမိတ် ဇူလိုင် ၁၆

မိုးမိတ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် သာသနာရာမိကကျောင်းတိုက် အမှတ် (၉၀) မင်းလမ်း ဆရာစံ (တောင်) ဗဟန်း မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက် ကြပါရန်နှင့် အလှူငွေများကို ဖုန်း-၀၁-၅၄၁၀၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်းသိရသည်။ (ကြေးမုံ)

ကြည့်မြင်တိုင်မြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၂ ရက်က လှိုင်မြစ် တစ်ဖက်ကမ်း ကျေးရွာများဖြစ်သည့် အလတ်ချောင်း၊ ဘလုတ်ညွန့်၊ အေးရွာ၊ စက်ကလေး၊ ဆိပ်ကြီးဦးမြငါးစင်၊ ဝါးရုံ ဆိပ်ကျေးရွာနှင့် အနောက်ကျေးရွာများ၌ ကျင်းပသည်။

သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနိုင်က မြို့နယ်အတွက် သစ်ပင်များ စိုက်ပျိုးနိုင် မှုကို ရှင်းလင်းတင်ပြပြီး **(ဝဲပုံ)** မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး၊ မြို့နယ် သစ်တောဦးစီးအရာရှိ ဦးမြင့်အောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုစုစံတို့က ပျိုးပင်ပေါင်း ၇၈၀၀ ကျော် ကို ကျေးရွာများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၄၆)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၂၅ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ အကပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၆၀)**
၁၂း၃၅ ၅။ Golf Magazine (TV)
၁၂း၅၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ခွဲမသွားနဲ့ အချစ်ဆုံးရယ်" (ရဲအောင်၊ ကိုကိုလင်းမောင်၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ကြီးမြင့်)**
၂း၄၅ ၇။ International News
၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ "ဆီးချိုသွေးချို ကာကွယ်ပါ"
၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - ဒုတိယနှစ်(စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား အထူးပြုများ)(စီးပွားရေးပညာ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ အဆိုပြိုင်ပွဲ
၅း၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၁)**
၆း၄၀ ၁၂။ တစ်မျက်နှာ တစ်ကွက်စာ "ချယ်ရီပင်အိုရဲ့မေတ္တာ" (အကယ်ဒမီစံရှားတင်၊ ခြူးသက်နွယ်) [ဒါရိုက်တာ-မေတင်(MMG)]
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၂၀)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၃၂)**
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၂၄)**
၁၉။ အစီအစဉ်ပြီး၏။

☆**အထွက်နှုန်းမှ**

ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက မီဒီယာနည်းဖြင့် တောင်သူများအား ပညာပေးလုပ်ငန်းဆောင်ရွက်သွားမည့် အစီအစဉ်နှင့် စံပြလယ်ယာစိုက်ခင်းများ ထူထောင်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများအား တစ်ဧက တင်း (၅၀-၆၀) ထွက်ရှိနိုင်သည့် အထူးအထွက်တိုး နေကြာစိုက်ခင်း၊ တစ်ဧက တန် ၆၀ ထွက်ရှိမည့် အထူးအထွက်တိုး ကြံစိုက်ခင်းနှင့် စိုက်ပျိုးရေးနှင့် တွဲဖက်မွေးမြူထားရှိသည့် မွေးမြူရေးခြံများကို လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

◆ **ရှေ့ဖုံးမှ**

နည်းပညာအကူအညီပေးနိုင်မှု အခြေအနေများကို အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြု အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်ပေးမည့် အခြေအနေများကို ဦးခင်မောင်အေးက လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီအနေဖြင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်း (၈)ရပ် ချမှတ်ထားပြီးဖြစ်ရာ မိမိအနေဖြင့် ပြည်နယ်၊ မြို့နယ်လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်အကောင်အထည်ဖော်နေမှုများတွင် ပူးပေါင်း၍ အထောက်အကူပြုကူညီပံ့ပိုးနိုင်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ရည်ရွယ်ချက်(၄)ရပ် ချမှတ်ညွှန်ကြားထားပါကြောင်း၊ ယင်းတို့မှာ ဆင်းရဲနွမ်းပါးသူပြည်သူများ၏ စားရေးအတွက် ပူပင်ကြောင့်ကြမှုမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ နေရေးအတွက် လုံခြုံစိတ်ချစွာနေနိုင်ရန်၊ မကျန်းမာသည့်အချိန်တွင် ဆေးဝါးကုသနိုင်အောင် ပြုလုပ်ပေးရန်နှင့် သားသမီးများ ပညာသင်ကြားရေးတို့ပင် ဖြစ်ပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်(၄)ရပ် အကောင်အထည်ဖော်ပေးနိုင်လျှင် ဆင်းရဲနွမ်းပါးမှု လျော့ကျလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အချိန်တိုအတွင်း လျင်လျင်မြန်မြန် အကောင်အထည်ဖော်ပေးနိုင်လေ ပိုမိုထိရောက်အောင်မြင်နိုင်လေဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူနှင့် အနီးကပ် လက်ပွန်းတတီး အရင်းနှီးဆုံး ဆက်ဆံနေရသော မိမိတို့သမဝါယမ လုပ်ဖော်ကိုင်ဖက် (Co-operator)များအနေဖြင့် ရွှင်လန်းတက်ကြွသည့် စိတ်စေတနာ ဆန္ဒအပြည့်အဝနှင့် ဝီရိယရှိရှိ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် သထုံမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ သစ်သီးဝလံ စိုက်ပျိုးသူများ၊ သမဝါယမအသင်းစု အသင်းသားများ၊ ကျေးလက်သမဝါယမလုပ်ငန်းများတွင် စိတ်ပါဝင်စားသူများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်မြို့နယ် ကျုံကကျေးရွာရှိ ကျုံကဥယျာဉ်ခြံအတွင်း စိုက်ပျိုးထားရှိမှုနှင့် သီးနှံထွက်ရှိမှု အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး ပြည်ထောင်စုဝန်ကြီးက တစ်နိုင် ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းဖွဲ့စည်း၍ ဥယျာဉ်ခြံ သစ်သီးဝလံများ၏ ဈေးကွက်ရရှိရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များကို နိုင်ငံတကာအဆင့်မီထုပ်ပိုး၍ ဈေးကွက်တင်ပို့နိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဇေယျာသီရိမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

နေပြည်တော် မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်သည် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ဇေယျာသီရိမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းခန်းမ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ မှာကြားချက်များအား ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က သဘာဝဘေးအန္တရာယ် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့များ ဆောင်ရွက်ထားရှိရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။**(ဓါတ်ပုံ)** (သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

သန်လျင်မြို့ ရာစုဥဒါန်းစာကြည့်တိုက် စာပေဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ ရာစုဥဒါန်းစာကြည့်တိုက်၏ ပထမအကြိမ် စာပေဟောပြောပွဲကို ဇူလိုင် ၃ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ဆရာ သန်လျင်မောင်ညိုပိုင်နှင့် ဆရာ သန်လျင်မောင်မောင်ဦးတို့က မုဒိတာစကားများ ပြောကြားခဲ့သည်။**(အောက်ပုံ)**

ဆက်လက်၍ ဟောပြောပွဲကို ကျင်းပရာ ဆရာ သန်လျင်မောင်ဝင်းဝါ (ဥက္ကဋ္ဌ၊ ရာစုဥဒါန်းစာကြည့်တိုက်ကော်မတီ)က စာဖတ်ခြင်းနှင့် အနုပညာ (Art and Reading) ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ အဆိုပါ ရာစုဥဒါန်းစာကြည့်တိုက်အနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကျေးလက်ပြည်သူများ စာဖတ်အားတက်လာစေရန် ရည်ရွယ်ပြီး စာပေဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် စာပေဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ကျင်းပသွားမည်ဖြစ်သည်။ (၆၀၈)

ဖူးပွင့်စာကြည့်တိုက်သို့ စာအုပ်၊စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်း

ကျိုက်ထို ဇူလိုင် ၁၆

ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ ဖူးပွင့်စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဌေးလွင်က အလှူငွေကျပ်တစ်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက စာအုပ်၊ စာစောင်အုပ် ၅၀၊ သထုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ လှူဒါန်းသော စာအုပ်၊ စာစောင် အုပ် ၅၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ စာအုပ်၊ စာစောင်အုပ် ၅၀၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ စာအုပ်၊ စာစောင်အုပ် ၅၀၊ ကျေးရွာမှ စုပေါင်းလှူဒါန်းငွေကျပ် ငါးသိန်းနှင့် စာအုပ်၊ စာစောင်အုပ် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြန်ဂုဏ်ဆောင် စာပေဆုချီးမြှင့်ရေး ညှိနှိုင်းစည်းဝေး ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များလှူဒါန်း

ကောလင်း ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၉၉၀ ပြည့်နှစ်က စတင်ထူထောင်ခဲ့သော မြန်ဂုဏ်ဆောင်စာပေဆုချီးမြှင့်ရေးနှင့် ထိန်းသိမ်းရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၀ ရက်က အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က မတည်ငွေကျပ်သိန်း ၅၀ ထည့်ဝင်ကာ စာပေဆုချီးမြှင့်ရေးနှင့် ထိန်းသိမ်းရေးကော်မတီကို ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)၊ အတွင်းရေးမှူး ဦးပြည့်စုံငြိမ်း (ရွှေလင်းပြည့်စုံ)နှင့် အဖွဲ့ဝင်ငါးဦးတို့ဖြင့် ဖွဲ့စည်းကြသည်။

အဆိုပါအဖွဲ့သည် ကျေးရွာအုပ်စု ၄၇ အုပ်စု၊ ကျေးရွာ ၂၁၀ တွင် ဖွဲ့စည်းကြမည့် ကျေးလက်စာကြည့်တိုက်များတွင် စာဖတ်ဝိုင်း၊ သတင်းစာဖတ်ပြိုင်ပွဲ၊ နှုတ်မှုစွမ်းရည်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲနှင့် စာပေးရေးရာသင်တန်းများ ပြုလုပ်ရေးတို့ကို ကွင်းဆင်းဆောင်ရွက်ကြမည်ဖြစ်သည်။

မြန်ဂုဏ်ဆောင်စာပေဆု ချီးမြှင့်ရေးနှင့် ထိန်းသိမ်းရေး ကော်မတီသည် ကျေးရွာ ၃၉ ရွာရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သုတ၊ ရသစာအုပ် ၉၈၉ အုပ်၊ ဂျာနယ်၊ သတင်းစာ ၈၇၅၀ စောင်၊ တန်ဖိုးငွေကျပ် ၃၅၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။ (၂၁၄)

အမြို့မြို့အနယ်နယ်တစ်ခွင် သစ်ပင်များစိုက်ပျိုး

လှည်းကူးမြို့နယ် ညောင်နှစ်ပင်မွေးမြူရေးနှင့် စိုက်ပျိုးရေးရုံးအတွင်း၌ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက်က ကျင်းပစဉ်။ (၆၀၉)

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ ရက်က ဝေါမြို့နယ် အရှေ့ဘက်ကမ်းရပ်ကွက် ကြံုတူဘုရားလမ်းဝဲ၊ ယာ၌ ကျင်းပစဉ်။ (မြို့နယ်ပြန်/ဆက်)

ဇူလိုင် ၁၆ ရက်က မင်းဘူးခရိုင်နှင့် မင်းဘူးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့မှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မင်းဘူး-ပဒါန်းလမ်းနှင့် မြန်မာ့ ရေနံရိပ်သာလမ်းဆုံအနီးတွင် ကျင်းပရာ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့် အဖွဲ့များထံ ပျိုးပင်များ ပေးအပ်စဉ်။ (ကြေးမုံ)

ဇွန် ၂၄ ရက်က ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့စိမ်းလန်း စိုပြည်သာယာလှပရေးအတွက် လမ်းဘေးဝဲ၊ ယာတစ်လျှောက် ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

အာဖရိကဦးချိုဒေသ၌ ဖြစ်ပွားနေသည့် မိုးခေါင်ရေရှားကပ်ဘေးကြောင့် စားနပ်ရိက္ခာရနိုင်မည့်နေရာများသို့ ရွှေ့ပြောင်းနေသူ ဆိုမာလီပြည်သူများ။ (ဓာတ်ပုံ-အင်တာနက်)

အဆိုးရွားဆုံးသဘာဝကပ်ဘေးနှင့် ဆိုမာလီယာပြည်သူများ ရင်ဆိုင်နေရ

မိုဂါဒစ်ရှူး 　 ဇူလိုင် 　 ၁၆

မိုးခေါင်ရေရှားဒဏ်သင့် ဆိုမာလီပြည်သူများကို ကူညီထောက်ပံ့မှုများ လုပ်ဆောင်ရာတွင် ကယ်ဆယ်ရေးဝန်ထမ်းများမှာ ဝန်နှင့်အားမမျှဖြစ်နေပြီး အဆိုးရွားဆုံး လူမှုကပ်ဘေးဒုက္ခဆိုင်ရာကပ်ဘေးဖြင့် ရင်ဆိုင်နေရကြောင်း ပရဟိတအဖွဲ့အစည်းများက သောကြာနေ့တွင် ပြောကြားသည်။

လူမှုရေးရာကပ်ဘေးဖြစ်

ဆိုမာလီ မိုးခေါင်ရေရှားပြဿနာသည် လူမှုကပ်ဘေးဒုက္ခဆိုင်ရာ အရေးပေါ်အခြေအနေမျှမဟုတ်ဘဲ ဆိုးရွားသော လူမှုရေးရာကပ်ဘေးဖြစ်ကြောင်း ငတ်မွတ်မှုဘေးဒုက္ခဆိုင်ရာ တုံ့ပြန်ရေးအဖွဲ့ ညွှန်ကြားရေးမှူးက ပြောကြားသည်။

မိုးခေါင်ရေရှားဘေးဒုက္ခကြောင့် အိမ်နီးချင်း အီသီယိုပီးယားနှင့် ကင်ညာနိုင်ငံများသို့ ဆိုမာလီနိုင်ငံသား ထောင်ပေါင်းများစွာတို့ အစာရေစာရရှိရန်အလို့ငှာ ပြေးဝင်ခိုလှုံခဲ့ကြရသည်။

ဆိုမာလီနိုင်ငံ၌ စားနပ်ရိက္ခာဈေးနှုန်းမှာ ယခုနှစ် တစ်နှစ်တာကာလအတွင်း ၂၇၀ ရာခိုင်နှုန်းမျှ မြင့်တက်ခဲ့ရသည်။

အကြီးမားဆုံး ဒုက္ခသည်ရွှေ့ပြောင်းမှု

၂၀ ရာစု၏ အကြီးမားဆုံး ဒုက္ခသည်ရွှေ့ပြောင်းမှုဟုခေါ်နိုင်သည့် ဆိုမာလီဒုက္ခသည်များ ပြဿနာသည် ပြည်တွင်းစစ်သက်သက်ကြောင့်သာမက ပြည်တွင်း၌ စားနပ်ရိက္ခာ လုံးဝပြတ်တောက်မှုကြောင့် ဖြစ်ပေါ်ရကြောင်း နယ်စည်းမခြားဆရာဝန်များအဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဆေးခြောက်စိုက်ခင်းကို ဖျက်ဆီး

အင်စီနာဒါ 　 ဇူလိုင် 　 ၁၆

မက္ကဆီကိုစစ်ဘက်သည် နိုင်ငံအနောက်မြောက်ပိုင်းရှိ ဆေးခြောက်စိုက်ခင်းကို ဇူလိုင် ၁၅ ရက်မှစ၍ ဖျက်ဆီးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၆ ရက်တွင် ပြောကြားသည်။

မက္ကဆီကိုစစ်ဘက်သည် အလွန်ကြီးမားလှသော ဆေးခြောက်စိုက်ခင်းတစ်ခင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ဝေးလံခေါင်းပါးသော ဒေသတစ်ခုဖြစ်သည့် အင်စီနာဒါဒေသ၌ စိုက်ပျိုးထားသော ဆေးခြောက်စိုက်ခင်းမှာ ရိတ်သိမ်းရန် အသင့်အနေအထား၌ရှိနေကြောင်း ဗိုလ်မှူးချုပ်အယ်လ်ဖွန်ဆိုဒတ်က ပြောကြားသည်။ ၎င်းသည် အမှတ်-၂ စစ်ဒေသ၏ တပ်မှူးကြီးဖြစ်သည်။

ဆေးခြောက်အမြောက်အမြား ထုတ်လုပ်နိုင်မည့် စိုက်ခင်းကို ဖျက်ဆီးရာတွင် တပ်ဖွဲ့ဝင် ၄၀၀ ခန့် ပါဝင်ဆောင်ရွက်ခဲ့ရကြောင်း ၎င်းကပြောကြားသည်။

ယင်းစိုက်ခင်းရှိ ဆေးခြောက်ပင်များအားလုံးကို မီးရှို့ဖျက်ဆီးလိုက်ကြောင်း၊ ယင်းစိုက်ခင်းသည် အမေရိကန်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးထားသည်ဟု ယူဆရကြောင်း ၎င်းက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံ ဘာဂျာကယ်လီဖိုးနီးယားကျွန်းဆွယ်ရှိ အဝေးပြေးလမ်းတစ်လမ်းပေါ်တွင် ကင်းလှည့်နေသော တပ်ဖွဲ့ဝင်များက ဆေးခြောက်စိုက်ခင်းကြီးကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းဆေးခြောက်စိုက်ခင်းသည် ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်းက စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးထားသော ဆေးခြောက်ပင်များမှာ ကာလပေါက်ဈေး အမေရိကန်ဒေါ်လာ သန်း ၁၆၀ ဖိုးရှိသည်ဟု ခန့်မှန်းရကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**

မက္ကဆီကို ကြည်းတပ်တပ်ဖွဲ့ဝင်များ ဆေးခြောက်စိုက်ခင်းကို မီးရှို့ဖျက်ဆီးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခုခံအားကျဆင်းမှုရောဂါကုထုံး၌ တောက်တဲ့များ အသုံးပြုမှု ဖိလစ်ပိုင်သတိပေး

မနီလာ 　 ဇူလိုင် 　 ၁၆

ခုခံအားကျဆင်းမှုရောဂါ (အေအိုင်ဒီအက်စ်)နှင့် ကာမဆန္ဒအားနည်းသောရောဂါများကို ကုသရန်အတွက် တောက်တဲ့သတ္တဝါများအား အသုံးပြုခြင်းသည် အန္တရာယ်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံက သောကြာနေ့တွင် သတိပေးခဲ့သည်။

တောက်တဲ့များကို အသုံးပြု၍ အေအိုင်ဒီအက်စ်ရောဂါနှင့် ကာမဆန္ဒအားနည်းသည့်ရောဂါများအား ကုသခြင်းသည် လူနာများအတွက် အကျိုးထက် အဆိုးသာဖြစ်လာနိုင်ကြောင်း ဖိလစ်ပိုင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ နံရံကပ်တောက်တဲ့များ **(အပေါ်ပုံ)** အရောင်းအဝယ် ဈေးကွက်သည် တဖြည်းဖြည်းတိုးမြင့်လာလျက်ရှိပြီး အလေးချိန် ၁၁ အောင်စ (၃၀၀ ဂရမ်) ရှိ တောက်တဲ့တစ်ကောင်လျှင် အနည်းဆုံး ဖိလစ်ပိုင်သုံးငွေ ပီဆို ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၆၀) ထိ ပေးဝယ်ရကြောင်း သိရသည်။

ပရဆေးအဖြစ် အသုံးပြု

တောက်တဲ့များကို ရင်ကျပ်ရောဂါ၊ ခုခံအားကျဆင်းမှုရောဂါ၊ ကင်ဆာ၊ အဆုတ်ရောဂါနှင့် ကာမဆန္ဒအားနည်းမှုရောဂါများအတွက် ရိုးရာပရဆေးအဖြစ် အသုံးပြုလေ့ရှိပြီး မလေးရှား၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများသို့ တွင်တွင်ကျယ်ကျယ် တင်ပို့ရောင်းချလေ့ရှိကြောင်း သိရသည်။

ဘေးထွက်ဆိုးကျိုးဖြစ်ပေါ်

တောက်တဲ့သတ္တဝါများကို ရိုးရာပရဆေးအဖြစ် အသုံးချမှုများသည် သိပ္ပံသဘောတရားများနှင့် မညီညွတ်သည့်အပြင် လူနာများအတွက်လည်း ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

တောက်တဲ့သတ္တဝါများသည် Gekkonidae မျိုးစိတ်ဝင် ညထွက်အသားစားသတ္တဝါများဖြစ်ပြီး အပူပိုင်းဒေသနိုင်ငံများ၌ အတွေ့များသည်။

ယင်းသတ္တဝါများသည် ခြေကုပ်မြဲမြံမှုကြောင့် နာမည်ကျော်ရသော သတ္တဝါများဖြစ်သည်။ ***အင်တာနက်။***

ရုရှားနိုင်ငံ ဗော်လ်ဂါမြစ်အတွင်း နစ်မြုပ်ခဲ့သော ဘူလ်ဂေးရီးယားသင်္ဘော ပြန်လည်ဆယ်ယူရေးစတင်

မော်စကို 　 ဇူလိုင် 　 ၁၆

ရုရှားနိုင်ငံ ဗော်လ်ဂါမြစ်အတွင်း၌ နစ်မြုပ်ခဲ့ပြီး လူ ၁၄၄ ဦး သေဆုံးခဲ့ရသော ဘူလ်ဂေးရီးယားအမည်ရှိ သင်္ဘောကို ဆယ်ယူရန်အတွက် အထူးအရေးပေါ် ဝန်ချီစက်ကြီးနှစ်ခုအား နေရာချထားပြီးဖြစ်ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများတွင် ဖော်ပြသည်။ အထူးလုပ်ငန်းသုံး ဝန်ချီစက်ကြီးနှစ်ခုဖြင့် ဘူလ်ဂေးရီးယားသင်္ဘောအား ဆယ်ယူမှုကို နာရီပေါင်းများစွာ ကြာမြင့်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး သင်္ဘောဆယ်ယူရေးစီမံချက်အား ဇူလိုင် ၁၇ ရက် သို့မဟုတ် ၁၈ ရက်တွင် စတင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လူပေါင်း ၂၀၈ ဦး တင်ဆောင်ထားသော ဘူလ်ဂေးရီးယားသင်္ဘော နစ်မြုပ်ခဲ့ပြီးနောက် ၁၄၄ ဦး သေဆုံးကြောင်း အတည်ပြုနိုင်ခဲ့ပြီး အခြား ၁၅ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ရုရှားနိုင်ငံသား တစ်ထောင်မျှတို့သည် သင်္ဘောနစ်မြုပ်မှုတွင် ပျောက်ဆုံးနေသူများအား ရေအောက်တွင်လည်းကောင်း၊ ကုန်းပေါ်၌လည်းကောင်း ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

ဘူလ်ဂေးရီးယားသင်္ဘောနစ်မြုပ်မှုနှင့် ပတ်သက်၍ ရုရှားအစိုးရက လူနှစ်ဦးကို ထိန်းသိမ်းထားကြောင်း သိရသည်။

ဖမ်းဆီးခံရသူများမှာ ဘူလ်ဂေးရီးယားသင်္ဘော နစ်မြုပ်စဉ်အတွင်း အကူအညီပေးခြင်းမရှိဘဲ လျစ်လျူရှုခဲ့သောသင်္ဘောများမှ ရေယာဉ်မှူးများဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

ဘူလ်ဂေးရီးယား အပျော်စီးသင်္ဘော နစ်မြုပ်မှု၌ ပျောက်ဆုံးနေသူများအား ရှာဖွေနေသူ ရုရှားကယ်ဆယ်ရေးအဖွဲ့များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဥရောပထီဖွင့်ပွဲ၌ဆုကြီးပေါက်ပြီး ရတနာပုံဆိုက်ခဲ့သည့် စကော့မောင်နှံ

လန်ဒန် 　 ဇူလိုင် 　 ၁၆

ဥရောပထီဖွင့်ပွဲတွင် ဆုကြေးငွေဗြိတိသျှပေါင် ၁၆၁၆၅၃၀၀၀ (အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၅၈သန်း) ရှိသည့် ဆုကြီးကို ဆွတ်ခူးကံထူးခဲ့သည့် ဗြိတိန်နိုင်ငံ ဂလပ်စဂိုမြို့သား အသက်(၆၄)နှစ်အရွယ်ရှိ ကိုလင်းဝီယာနှင့် ၎င်း၏ဇနီး အသက်(၅၅)နှစ်အရွယ်ရှိ ခရစ်တို့သည် ဇူလိုင် ၁၅ ရက်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့ပြီး ၎င်းတို့၏ အနာဂတ်အစီအစဉ်များကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲ၌ ယင်းဇနီးမောင်နှံက ၎င်းတို့၏ အနာဂတ်လမ်းသည် ဖြောင့်တန်းနေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ထီဆုငွေများအနက်မှ အချို့ကို ခရီးသွားခြင်း၊ အိမ်အသစ်ဝယ်ခြင်းနှင့် ၎င်းတို့၏ကလေးငယ်များအား ယာဉ်မောင်းသင်တန်း တက်ရောက်စေခြင်းများတွင် အသုံးပြုသွားမည်ဟုလည်း ဆိုသည်။

အဆိုပါ စကော့မောင်နှံသည် ဇူလိုင် ၁၂ ရက် ညပိုင်းက ဖွင့်လှစ်ခဲ့သော ဥရောပထီဖွင့်ပွဲတွင် အဆိုပါ ဆုကြီးကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ကချင်ပြည်နယ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် ကချင်ပြည်နယ် ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ် ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၆

ကချင်ပြည်နယ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့နှင့် ကချင်ပြည်နယ် ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၃ ရက် ညနေ ၃ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားပြီး ပြည်နယ်ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီ အတွင်းရေးမှူး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ကျော့စိန်က မော်တော်ယာဉ်နှင့် စက်တပ်ရေယာဉ်များကို လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခွန်အခများ ကောက်ခံခြင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာခြင်းရှိ၊ မရှိ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း ရှိ၊ မရှိ ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

(သတင်းစဉ်)

သမဝါယမအသင်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၁၆

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သီရိရတနာဈေး သမဝါယမအသင်းလီမိတက်ရုံးခန်း၌ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အသင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဈေးအတွင်း အသင်းသား၊ အသင်းသူများ၏ ဈေးဆိုင်များ၌ ရောင်းဝယ်ဖောက်ကားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

မြန်မာ့ဒေသထွက် အစားအစာများ ရောင်းချ

နေပြည်တော် ဇူလိုင် ၁၆

တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်မည့် မြန်မာ့ဒေသထွက် အစားအစာများ အထူးဈေးရောင်းပွဲကို နေပြည်တော် Junction Center ရှိ Ocean Super Center တွင် ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ ရောင်းချပေးခဲ့ပြီး North Point Shopping Center ရှိ Ocean Super Center နှင့် Ocean Supercenter (Pazundaung) တို့တွင်လည်း ဇူလိုင် ၁၄ ရက်မှ ၁၇ ရက်အထိ ရောင်းချပေးလျက်ရှိသည်။

၎င်းဈေးရောင်းပွဲတော်တွင် အညာဒေသ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)၊ မြိတ်၊ ပြည်၊ ပျဉ်းမနား၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ မန္တလေး၊ ရခိုင်စသည့် ဒေသများမှ ထွက်ရှိသော စားသောက်ကုန် အမျိုးပေါင်း ၁၉၀ ကျော်ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

၎င်း မြန်မာ့ဒေသထွက် အစားအစာများ ဈေးရောင်းပွဲတော်တွင် အညာဒေသထွက်ကုန်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသထွက်ကုန်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသထွက်ကုန်များ၊ သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးအတွက် အထူးသင့်လျော်သော သဘာဝသစ်သီးများမှ ထွက်ရှိသည့် သစ်သီးဖျော်ရည်များ၊ အဖျော်ယမကာများနှင့် မက်မန်းသီး၊ မက်မန်းယို၊ ရှယ်မုန်ညှင်းချဉ်၊ ဆီတို့ဟူး၊ ကြက်သွန်ချဉ်နှင့် ရှမ်းချဉ်အမျိုးမျိုးတို့ကို ရောင်းချပေးလျက်ရှိသည်။

ထို့အပြင် မန္တလေး နာမည်ကြီး လက်ဖက်၊ ပျဉ်းမနားဒေသထွက်များဖြစ်သည့် ယိုအမျိုးမျိုး ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသထွက် အစားအစာနှင့် ရခိုင်ဒေသထွက် စားသောက်ကုန်များကို ထည့်သွင်းရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

(၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပစဉ် ယာယီပိတ်ထားမည့်လမ်းကြောင်းနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်း သတ်မှတ်ကြေညာ

နေပြည်တော် ဇူလိုင် ၁၆

(၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် နံနက် ၁၀နာရီအထိ ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း အနောက်ရွှေဂုံတိုင်(၁)လမ်းထိပ်အထိ၊ အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် စောင်းတန်းအထိ၊ အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေးလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ထားမည်ဖြစ်သည်။

အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံစေတီ တောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက် ဂိတ်(၂)မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည် ထွက်ခွာရမည်ဖြစ်သည်။

အာဇာနည်ဗိမာန်ကို အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှ ဝင်ရောက်၍ ဂိတ်(၂)မှ တစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်သည်။

အာဇာနည်ဗိမာန်သို့ ဝင်/ထွက်ရာလမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာ ကြရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားသည်။

(သတင်းစဉ်)

နတ်တလင်းအသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

နတ်တလင်း ဇူလိုင် ၁၆

နတ်တလင်းအသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ် ၁၅၃(၃-က) ကျွန်းတောလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများကို ဒေါ်ဝင်းကြည် ဖုန်း-၂၉၄၂၈၂၊ ဦးမောင်မောင်ထွန်း ဖုန်း-၆၆၆၂၇၈၊ ဦးမြင့်ဆွေ ဖုန်း-၅၁၈၀၈၆၊ ဦးလှသန်း ဖုန်း-၅၃၇၈၃၉၊ ဦးသိန်းထွန်း ဖုန်း-၅၈၄၃၀၅၊ ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၀-၀၁၆၉၁၊ ဦးဝင်းအောင် ဖုန်း-၀၉-၈၆-၁၇၈၇၆ နှင့် ဦးအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၁၄၆၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၂၂)**
၁၁း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိတ်တခိုးချစ်သူ**
၁၂း၃၀ ၆။ ကျန်းမာသုတ
၁၂း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၈၅)**

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ လျှပ်တစ်ပြက်
၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၅ ၇။ မြန်မာ့ရှုခင်း
၅း၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၉။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ -ဆံပင်တွေ ဘယ်ရောက်သွားလဲ (မင်းရာဇာ၊ နဒီဝင့်နိုင် နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း(အပိုင်း-၃၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၃၅)**
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၆၅)**

၁၈-၇-၂၀၁၁(တနင်္လာနေ့) ၀၁း၁၅

2011 FIFA WOMEN' S WORLD CUP (GERMANY) Final United States Vs Japan (Live)

မြို့ရွာများ စည်ပင်ဖွံ့ဖြိုးရေး ဆောင်ရွက်

ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သော ဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုးနှင့် အမှုဆောင်အရာရှိ ဦးအောင်မိုးဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မိုးရာသီပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဇွန် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြည်တင် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ကြံ့ခိုင်ရေးရပ်ကွက် လေးလက်မစက်ရေတွင်းအား တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် မြို့မဈေး အမှတ်(၁)နှင့် (၂)အား သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဦးစီးအရာရှိ ဦးလှဦး ကွင်းဆင်းကြီးကြပ်စဉ်။

(သတင်းစဉ်)

ငါးရစ်တစ်ကောင် သုံးလရှောင် ထောင်သောင်းတိုးပွား ရေရှည်စား

ဆေးပညာသတင်းဆန်းများ (၁၅)

ဒေါက်တာကံညွန့်

ဒီတစ်ပတ် ဆေးပညာသတင်းဆန်းများကိုတော့ ကလေးတွေ အသက်အန္တရာယ်အတွက် ကာကွယ်သင့်တဲ့ သတင်းတွေနဲ့ စရအောင်ပါ။ ယခုအသစ်ပေါ်ပေါက်လာတဲ့ လျှပ်စစ်ပစ္စည်း အသေးစားလေးတွေမှာ အသုံးပြုနေတဲ့ ဓာတ်ခဲအသေးစားလေး Lithium Buttton Battery တွေဟာ ကလေးတွေအတွက် အထူးအန္တရာယ်ရှိကြောင်း လေ့လာထားတဲ့ သတင်းပါ။ ဒီဓာတ်ခဲလေးတွေဟာ များသောအားဖြင့် Computer Game လက်ကိုင်၊ Remote Control လက်ကိုင်နဲ့ များသောအားဖြင့် နာရီ၊ လက်နှိပ်ဓာတ်မီး၊ ကလေးဆော့ကစားစရာပစ္စည်းအမျိုးမျိုးတွေမှာ ထည့်သွင်းအသုံးပြုရတာမို့ ကလေးတွေအတွက် မိဘအုပ်ထိန်းသူတွေမသိဘဲ မျိုချမိနိုင်တဲ့ ပစ္စည်းတွေဖြစ်နေပါတယ်။

ဒီဘက်ထရီလေးတွေကို ကလေးမျိုချမိရင် ကလေးနာတာရှည်ရောဂါရသလို နာမကျန်းဖြစ်ရုံတင်မက အသက်အန္တရာယ်ကို ထိခိုက်နိုင်ကြောင်း ၁၉၇၀ ခုနှစ်ကနေပြီး ၂၀၀၉ ခုနှစ်အထိ အမေရိကန်နိုင်ငံမှာ လေ့လာထားတဲ့ စာတမ်းတစ်စောင်က ဖော်ပြထားပါတယ်။

ဒီလို မျိုချခဲ့လို့ အသက်ဆုံးရှုံးခဲ့ရတဲ့ကလေး ၁၄ ဦးခန့်ရှိခဲ့ပြီး နာမကျန်းဖြစ်ပြီး ပျောက်ကင်းအောင် ကုပေးခဲ့ရသူကတော့ သုံးထောင်ကျော်ရှိခဲ့ပြီးဖြစ်ကြောင်း ဝါရှင်တန်မြို့ National Capital Poison Centre မှ ဒါရိုက်တာဖြစ်သူ Dr.Toby Litovitz က ပြောကြားလိုက်ပါတယ်။

ဒါကြောင့် ဒီဆော့စရာပစ္စည်းတွေနဲ့ ကစားတတ်တဲ့ ငါးနှစ် ပတ်ဝန်းကျင်အရွယ် ကလေးများကို ဒီဘက်ထရီလေးတွေကို မျိုမချမိအောင် အထူးသတိထား သင်ကြားပေးထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ ယာဉ်မတော်တဆမှုအန္တရာယ်က ကလေးတွေကို တတ်နိုင်သလောက် ကာကွယ်နိုင်အောင် ကလေးတွေ ယာဉ်နဲ့ ခေါ်သွားတဲ့ မိဘအုပ်ထိန်းသူတွေက ကလေးကို ခါးပတ်ပတ်ပြီး Safety Belt နဲ့ ခေါ်သွားသင့်ကြောင်း အကြံပြုတင်ပြထားတဲ့ သတင်းပါ။ အများသိကြတဲ့အတိုင်း ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုတိုင်းမှာ ကလေးတွေ အသက်ဆုံးရှုံးနေရပါတယ်။ ဒါကြောင့် ပေါင် ၈၀ အောက် ကလေး (အရပ် ၅၇ လက်မထက်မမြင့်တဲ့ကလေး)တွေကို လည်ပင်းအောက်မှ ဝမ်းဗိုက်ပေါ်ထိ ကြိုးသိုင်းခါးပတ်တွေကို တပ်ဆင်အသုံးပြုဖို့နဲ့ ငါးနှစ်အောက်ငယ်သေးတဲ့ ကလေးကို (ကားမှာ နောက်လှည့်ထိုင်ခုံရှိနေရင်) ကားရှေ့ဘက်ကို မျက်နှာမမူစေဘဲ ကားနောက်ဘက်ကို မျက်နှာမူထိုင်ခိုင်းပြီး ခါးပတ်ပတ်ထားတဲ့ အုပ်ထိန်းသူရဲ့ ရင်ခွင်ထဲမှာထားသင့်ကြောင်း တင်ပြထားပါတယ်။

ဒီလိုထားခြင်းဖြင့် ယာဉ်မတော်တဆဖြစ်မှုတိုင်းမှာ ကလေးတွေဟာ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရမှုက ကာကွယ်နိုင်ကြောင်း များသောအားဖြင့် ထိခိုက်ဒဏ်ရာများစွာရတဲ့ ယာဉ်တိုက်မှုတွေကို လေ့လာကြည့်တဲ့အခါ ကား ၁၀ စီးမှာ ခုနစ်စီးခန့်ဟာ ဒီလိုခါးပတ်တွေကို အသုံးမပြုခဲ့ကြောင်း တွေ့ရှိရတယ်လို့ ဒီလေ့လာမှုကို စာတမ်းရေးတင်ပြခဲ့တဲ့ အမေရိကန်နိုင်ငံ Chicago မြို့ Loyola University မှ ကလေးပါမောက္ခ Dr.Karen Judy က တင်ပြထားပါတယ်။ (ယခုကျွန်တော်တို့နိုင်ငံမှာလည်း တချို့ဖြစ်ကြတဲ့ ယာဉ်မတော်တဆမှုတွေမှာ မိသားစုတစ်ခုလုံး ဆုံးရှုံးရတာတွေရှိနေလို့ ဒီသတင်းကို တင်ပြလိုက်ရတာပါ။)

နောက်ကလေးတွေနဲ့ပတ်သက်တဲ့ သတင်းတစ်ပုဒ်ကတော့ သွားနဲ့သက်ဆိုင်တဲ့သတင်းပါပဲ။ ငယ်သွားလဲတယ်ဆိုပြီး ကလေးအရွယ်မှာ နုတ်လိုက်တဲ့ သွားတစ်ချောင်းဟာ လွှင့်ပစ်ဖို့မလိုတော့ဘူးလို့ ဆိုပါတယ်။ ကလေးမှာ နုတ်လိုက်တဲ့သွားရော လူကြီးမှာ နုတ်တဲ့သွားပါ Stem Cell ကို သယ်ဆောင်ထားတာကြောင့် ယင်းကလေး ကြီးလာတဲ့အခါဖြစ်စေ၊ လူကြီးမှာဖြစ်စေ Stem Cell နဲ့ ကုသဖို့လိုတဲ့ ရောဂါတွေအတွက် သိမ်းဆည်းထားနိုင်တယ်ဆိုတဲ့ သတင်းပါ။ ယင်းသွားကို သုည ဒီဂရီအောက် (-၁၀၀)ဒီဂရီအထိ အအေးဓာတ်ရှိတဲ့နေရာမှာ သိမ်းထားခြင်းဖြင့် နောင်လိုသလို အသုံးပြုနိုင်ကြောင်း အမေရိကန်နိုင်ငံ မီယာမီပြည်နယ်က ဆေးပညာရှင်သုတေသီတစ်စုက ပြောကြားလိုက်ကြောင်း The Miami Herald သတင်းစာမှာ ဖော်ပြထားပါတယ်။ သိမ်းဆည်းခဟာလည်း စျေးသက်သာပြီး ပထမဦးစွာ ဒေါ်လာ ၅၉၀ သာပေးရပြီး တစ်နှစ်မှာ ဒေါ်လာ ၁၀၀ သာ ထိန်းသိမ်းခအနေနဲ့ ကုန်ကျမှာဖြစ်ပါတယ်။ ယခင်ကတော့ ကလေးအတွက် မိခင်နဲ့ဆက်ထားတဲ့ ချက်ကြိုးရဲ့သွေးကို သိမ်းထားခဲ့ကြောင်းကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း ကလေးတွေနဲ့ပဲ သက်ဆိုင်ပါတယ်။ ကမ္ဘာတစ်လွှား (၅)နှစ်အောက်ကလေး အသေအပျောက်နှုန်းဟာ ယခင်ကထက် ရှစ်သိန်းခန့်လျော့နည်းလာတယ်လို့ ၂၀၀၈ ခုနှစ်ထုတ် UNICEF အစီရင်ခံစာမှာ တင်ပြထားပါတယ်။ ဒါဟာ ကောင်းမွန်တဲ့အလားအလာဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ရည်မှန်းချက်ဖြစ်တဲ့ Millennium Development Goal 4(MDG4) ခေါ်တဲ့ ထောင်စုနှစ်ရည်မှန်းချက် ပန်းတိုင်ဖြစ်တဲ့ ၁၉၉၀ ကနေ ၂၀၁၅ ခုနှစ်အတွင်းမှာ (၅)နှစ်အောက်ကလေး အသေအပျောက်မှုနှုန်း သုံးပုံနှစ်ပုံ လျော့ကျရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့လည်း ကိုက်ညီနေတယ်လို့ ထောက်ပြကြပါတယ်။ ဒီလိုလျော့နည်းလာရတာဟာ မိခင်လောင်းတွေဟာ ကျန်းမာရေးအသိပညာတိုးတက်လာပြီး သူတို့ကို စောင့်ရှောက်ကုသပေးတဲ့ ဆေးပညာစနစ် တိုးတက်လာတာရယ်၊ ငှက်ဖျား၊ ခုခံအားကျရောဂါ၊ အသည်းရောင်အသားဝါရောဂါတို့လို မိခင်ကတစ်ဆင့် ကလေးကို ကူးစက်နိုင်မှုကို ကာကွယ်နိုင်တာရယ်ကြောင့်လို့ တင်ပြထားပါတယ်။

ကမ္ဘာတစ်လွှား ဖွံ့ဖြိုးဆဲနိုင်ငံ ၃၁ နိုင်ငံအပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံ ၅၄ နိုင်ငံအနေနဲ့ အကောင်အထည်ဖော်ဖို့ နီးစပ်နိုင်ပေမယ့် ဆင်းရဲတဲ့ နိုင်ငံတွေပါပါဝင်တဲ့ အားလုံး ၁၈၇ နိုင်ငံအနေနဲ့ကတော့ အခက်အခဲဖြစ်မယ်လို့ တင်ပြထားကြောင်းပါခင်ဗျား။

နောက်သတင်းတစ်ပုဒ်ကတော့ ဆေးလိပ်သောက်သူများအတွက် ထိတ်လန့်စရာ သတင်းတစ်ပုဒ်ပါ။ ဆေးလိပ်သောက်သူများဟာ ဆေးလိပ်တစ်လိပ်ကို စသောက်စဉ် ဆေးလိပ်ကို သုံးလေးငါးဖွာ ဖွာရှိုက်တတ်ကြပါတယ်။ ဒီလို ဖွာရှိုက်လိုက်တာနဲ့ ဆေးလိပ်မှာပါတဲ့ အငွေ့အသက်ဟာ အဆုတ်ထဲကနေ သွေးထဲကို တိုက်ရိုက်ရောက်သွားပြီး သွေးထဲက Gene တစ်ခုကို ပျက်စီးစေကာ ယင်းပျက်စီးသွားတဲ့ Gene ဟာ ကင်ဆာရောဂါ စဖြစ်စေတယ်ဆိုတဲ့ သတင်းပါပဲ။ ဒီအဖြစ်အပျက်ဟာ မထင်မှတ်လောက်အောင် သိပ်မြန်ဆန်ပြီး သွေးထဲကို တိုက်ရိုက်ဆေးသွင်းလိုက်သလိုမျိုး အကျိုးသက်ရောက်စေတာလို့ ဆိုပါတယ်။ ဒါဟာ ဆေးလိပ်ငွေ့မှာပါတဲ့ PAHS လို့ အတိုကောက်ခေါ်တဲ့ Polycyclic Aromatic Hydrocarbon နဲ့ Phenanthrene ဆိုတဲ့ Toxic Substance တွေကြောင့်ဖြစ်ပြီး Gene ထဲမှာရှိတဲ့ DNA ကို Mutation ဖြစ်စေကာ ကင်ဆာဆဲလ်အဖြစ် ပြောင်းလဲစေခဲ့တာလို့ ဆိုပါတယ်။

ဒီစာတမ်းကို အမေရိကန် ဓာတုဗေဒအသင်းကြီး American Chemical Society က ထုတ်ဝေတဲ့ Chemical Research in Toxicology မှာ ဖော်ပြထားပါတယ်။

ဆေးလိပ်နဲ့ပတ်သက်တဲ့ နောက်သတင်းတစ်ပုဒ်မှာလည်း ဆေးလိပ်သောက်သုံးသူရှိတဲ့ အိမ်တစ်အိမ်မှာ အိမ်ကြမ်းပြင်၊ အိမ်ပရိဘောဂ၊ ဗီရို၊ အဝတ်အစား၊ ဆိုဖာ၊ ကော်ဇော၊ အစားအသောက် အားလုံးမှာ ဆေးလိပ်ငွေ့စွဲကပ်နေတာကြောင့် အိမ်မှာရှိနေသူအားလုံး (အထူးသဖြင့် ကြမ်းပြင်မှာ ဆော့ကစားနေတဲ့ ကလေးတွေအပါအဝင်) ဆေးလိပ်သောက်သုံးသူကဲ့သို့ ခံစားရတာကြောင့် အန္တရာယ်ရှိနိုင်ကြောင်း တင်ပြထားပါတယ်။ ဆေးလိပ်မှာပါတဲ့ Nicotine ဓာတ်ဟာ အိမ်ထဲမှာရှိတဲ့ Ozone ဓာတ်ငွေ့နဲ့ ပေါင်းပြီး အဆိပ်ဓာတ်ငွေ့ ဖြစ်စေတာလို့ ဆိုပါတယ်။ ဒါကို အစ္စရေးနိုင်ငံ Haifa မြို့မှာရှိတဲ့ Isreal Institute of Technology မှ သိပ္ပံသုတေသီတစ်စုက လေ့လာတင်ပြထားကြတာဖြစ်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ ၁၉၉၇ ခုနှစ်က ဟောင်ကောင်မှာ စဖြစ်ပြီး ၂၀၀၄ ခုနှစ်မှာ တစ်ကမ္ဘာလုံး ပျံ့နှံ့အောင် လူတွေကိုပါ ဒုက္ခပေးခဲ့တဲ့ H_5N_1 Avian Influenza လို့ခေါ်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါကို ပျောက်ကင်းအောင် ကာကွယ်နိုင်တော့မယ်ဆိုတဲ့ သတင်းပါပဲ။ ဥရောပသိပ္ပံပညာရှင်တစ်စုက သူတို့ဟာ H_5N_1 Virus မကူးနိုင်တဲ့ ကြက်ကို မျိုးရိုးဗီဇ ပြောင်းလဲနည်းနဲ့ စမ်းသပ်မွေးထုတ်နိုင်ခဲ့ပြီလို့ ကြေညာလိုက်ကြပါတယ်။ ဒီကြက်ဟာ H_5N_1 ကူးတာကိုတော့ခံနိုင်ပြီး နောက်ထပ်ပြန့်ပွားအောင် လုပ်နိုင်စွမ်းမရှိဘူးလို့ သိရပါတယ်။ ဒါကို Canbridge နှင့် Ediburgh ရှိ ဆရာဝန်တစ်စုက ပြုလုပ်နိုင်ခဲ့တာလို့ သိရပါတယ်။

ဒါကြောင့် နောက်နောင် ကြက်ငှက်တုတ်ကွေးရောဂါနဲ့ ပတ်သက်ပြီး လူတွေကို မကူးနိုင်အောင် တားနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ယခုဆေးလောကမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတဲ့ (NSAID)Non-Steroidal Anti Inflammatory Drug လို့ခေါ်တဲ့ အရောင်လျော့ အကိုက်အခဲပျောက်ဆေးတွေဟာ Dosage များများနဲ့ ကြာကြာသုံးရင် နှလုံးရောဂါ၊ လေဖြတ်ရောဂါတို့ ရနိုင်တယ်ဆိုတဲ့ သတင်းပါ။ အခုလေ့လာချက်ဟာ ဆွစ်ဇာလန်နိုင်ငံက သုတေသီတစ်စုက လေ့လာချက် ၃၁ ခုနဲ့စမ်းသပ်ပြီးမှ ပေါ်ထွက်လာတာပါ။ ၎င်းလေ့လာချက်အရ ယခုလက်ရှိဈေးကွက်ထဲမှာ အသုံးပြုနေတဲ့ NSAID ဆေးနှစ်မျိုးဖြစ်တဲ့ Celebrex နဲ့ Advil ဆိုတဲ့ ဆေးနှစ်မျိုးဟာ စားသုံးရန်မသင့်ကြောင်း တင်ပြထားကြပါတယ်။ အဲဒီလိုပဲ ၂၀၀၄ ခုနှစ်တုန်းကလည်း လေ့လာချက်တစ်ခုမှာ NSAID ဆေးတစ်မျိုးဖြစ်ပြီး COX-2 Inhibitor အုပ်စုမှာပါတဲ့ Vioxx ခေါ်တဲ့ Rofecoxib ဆေးကိုလည်း စားသုံးရန် မသင့်တော်ကြောင်း လေ့လာတွေ့ရှိတာကြောင့် ဈေးကွက်ထဲက တားမြစ်ခဲ့ရပါသေးတယ်။

ဒါကြောင့် အရောင်လျော့အကိုက်အခဲပျောက်ဆေးတွေကို ဆရာဝန်ကြီးတွေ မညွှန်ကြားဘဲ ကိုယ့်ဟာကိုယ် အလွယ်တကူ တာရှည်မသောက်သုံးကြဖို့ တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

မျက်မမြင်ကျောင်းများနှင့် လူငယ်သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ မျက်မမြင်ကျောင်းများနှင့် လူငယ်သင်တန်းကျောင်းများမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူများအား ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဂီတခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုဆုများ ပေးအပ်ကာ အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းမျက်မမြင်ကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ခဝဲခြံ မျက်မမြင်ကျောင်းမှ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ငါးဦး၊ ရန်ကုန် အမျိုးသမီး ကလေးများသင်တန်းကျောင်းမှ နှစ်ဦး၊ ခဝဲခြံ မျက်မမြင်ကျောင်းမှ လေးဦး၊ လပွတ္တာ လူငယ်သင်တန်းကျောင်းမှ တစ်ဦးနှင့် မိတ္ထီလာ မျက်မမြင်ကျောင်းမှ တစ်ဦးတို့ ရိုးရိုးအောင်မြင်ခဲ့ကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုပွဲအတွက် ရွှေသံလွင်ကုမ္ပဏီနှင့် ရွှေဆုပန်ကုမ္ပဏီတို့က ငွေကျပ် ငါးသိန်းစီ၊ Shine Hope ကုမ္ပဏီ၊ ရွှေပုစွန်မိသားစုနှင့် ကောင်းဆေးဆိုင် (မြိတ်ကမ်းနားလမ်း)တို့က ငွေကျပ် သုံးသိန်းစီ၊ Total ကုမ္ပဏီက ငွေကျပ် ၂၇၅၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် Save the Children တို့က ငွေကျပ် နှစ်သိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၅၂၈၀၀၀၀ ကို လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် ဇီဇဝါလမ်းကတ္တရာလမ်းခင်းရန် မြေပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ဇူလိုင် ၁၅ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

စင်ကာပူ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း ရုပ်ရှင်ရိုက်မည်

စင်ကာပူရုပ်ရှင်ဒါရိုက်တာ လီသာန်ဂျင်းကို စင်ကာပူမြို့ပြနိုင်ငံ၏ ၁၉၆၅ ခုနှစ်က လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ပတ်သက်သည့် ရုပ်ရှင်ကားတစ်ကားရိုက်ကူးရန် ရွေးချယ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းမီဒီယာများက ဇူလိုင် ၁၅ ရက်တွင် ရေးသားဖော်ပြသည်။

ယင်းရုပ်ရှင်ဇာတ်ကားတွင် ဟောင်ကောင်မင်းသား တိုနီလျောင်က စင်ကာပူနိုင်ငံကို ဦးဆောင်ခဲ့သူ ဝန်ကြီးချုပ် လီကွမ်းယူအဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

Homerun Asia ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ၁၉၆၅ ဟု အမည်ပေးထားသည့် ဤရုပ်ရှင်ကားသည် စင်ကာပူနိုင်ငံ၏ လွတ်လပ်ရေးအတွက် လီကွမ်းယူ၏ ရုန်းကန်ကြိုးစားခဲ့ရသည့် လှုပ်ရှားမှုများကို အခြေခံရိုက်ကူးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

၁၉၆၅ ရုပ်ရှင်ဇာတ်ကားသည် စင်ကာပူနိုင်ငံတွင် ၁၉၆၅ ခုနှစ်အတွင်းက လူမျိုးရေးနှင့် မူဝါဒရေးရာသဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်နေချိန်တွင် မြို့တော်ခန်းမ၌လည်း နိုင်ငံတော်အာဏာရယူရန် နိုင်ငံရေးလျှို့ဝှက်ကြံစည်မှုနှင့် နိုင်ငံရေး ပူးပေါင်းကြံစည်မှုများဖြစ်ပွားနေသည့် ဝရုန်းသုန်းကားရက်ပေါင်း ၉၀ ကို အဓိကထားရိုက်ကူးသွားမည့် နိုင်ငံရေး ရုပ်ရှင်ကားတစ်ကားဖြစ်သည်။ ဤဇာတ်ကားသည် အနောက်တိုင်းမှ နိုင်ငံရေး ဇာတ်ကားများဖြစ်သည့် Munich နှင့် Empire of the Sun ရုပ်ရှင်ကားများကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီက ပြောကြားသည်။

ယင်းဇာတ်ကားအတွက် အမေရိကန်ဒေါ်လာ ငါးသန်းအသုံးပြုသွားမည်ဖြစ်ပြီး စက်တင်ဘာလတွင် စတင်ရိုက်ကူး ထုတ်လုပ်သွားမည်ဖြစ်သည်။ ဤဇာတ်ကားနှင့် ပတ်သက်၍ သရုပ်ဆောင်များကို ရွေးချယ်ရန် မဆုံးဖြတ်ရသေးသော်လည်း ဝန်ကြီးချုပ် လီကွမ်းယူ၏နေရာတွင် သရုပ်ဆောင်ရန် တိုနီလျောင်ကို ချန်ထားရန် မဖြစ်နိုင်ကြောင်းနှင့် မင်းသမီးမက်ဂီချောင်က အဓိက ဇာတ်ဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်လိမ့်မည်ဖြစ်သည်။

ဒါရိုက်တာ လီသာန်ဂျင်း။

စင်ကာပူမြို့ပြနိုင်ငံ၏ ဖခင်ကြီး လီကွမ်းယူ၏ စင်ကာပူနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို အခြေခံရိုက်ကူးမည့် ဤဇာတ်ကားသည် တရုတ်သမိုင်းနောက်ခံဇာတ်ကား The Founding of a Republic ကဲ့သို စိတ်ဝင်စားဖွယ်ကောင်းမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီက ဆက်လက်ပြောကြားသည်။ ***အင်တာနက်။***

အောဝမ်းစိုး

နိုင်ငံတစ်ဝန်း သစ်တောစွမ်းပြင့် စိမ်းလန်းစေရမည်

ချင်းပြည်နယ် သတ္တမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ
သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ တက်ရောက်

နေပြည်တော်　ဇူလိုင်　၁၆

ချင်းပြည်နယ် သတ္တမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီခွဲတွင် ရှန်းတောင်ကုန်း၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းတို့ တက်ရောက်၍ ပျိုးပင်များကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ပေးအပ်ပြီး ခါတော်မီပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ယူကလစ်ပျိုးပင် ၅၀၀၊ ရေသင်းဝင်ပျိုးပင် ၇၀၀၊ မိုင်းဘောပျိုးပင် ၂၀၀၊ ချယ်ရီပျိုးပင် ၅၀၀နှင့် ခါတော်မီပျိုးပင် ၁၅၀ စုစုပေါင်း ပျိုးပင် ၂၀၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ချင်းပြည်နယ် သတ္တမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးအား ပျိုးပင်ပေးအပ်စဉ်။ (သတင်းစဉ်)

ပုဂံ-ညောင်ဦးဒေသ နိုင်ငံခြားခရီးသည်များ တိုးတက်ဝင်ရောက်ရေး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော်　ဇူလိုင်　၁၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ခရီးသွားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဝင်းလှိုင်သည် ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် ညောင်ဦးမြို့ရှိ Ayeyar Resort ဟိုတယ် အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပုဂံဒေသဆိုင်ရာ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပုဂံ-ညောင်ဦးဒေသသို့ နိုင်ငံခြားသား ခရီးသည်များ ပိုမိုလာရောက်ရေးအတွက် ခရီးသည်များသွားလာရေးတွင် အသုံးပြုသော မော်တော်ယာဉ်၊ မြင်းလှည်း စသည့် ယာဉ်များနှင့် ယာဉ်မောင်းများ အဆင့်အတန်း မြင့်မားရေး၊ မိမိဝန်ကြီးဌာနက သတ်မှတ်ပေးထားသော ယာဉ်အမှတ်တံဆိပ် (Logo) များ သတ်မှတ်သည့် နေရာတွင် ထားရှိ၍ ယာဉ်အတွင်း၌ ခရီးသည်များ လိုအပ်ပါက ဆက်သွယ်ရမည့် Enquiry Complaints Lost & Found Department တို့၏ ဖုန်းနံပါတ်များ၊ E-mail Website လိပ်စာများ ညှိသည်မြင်သာသည့် နေရာတွင် ထားရှိရေး၊ ယာဉ်စီးခနှုန်းထားများ သင့်တင့်မျှတရေး၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများ ဝန်ဆောင်မှုနှင့် ပစ္စည်းများ အဆင့်အတန်းမြင့်မားရေးနှင့် ခရီးစဉ်ဒေသများ သန့်ရှင်းသပ်ရပ်စွာရှိရေး၊ အများသုံးအိမ်သာများ သန့်ရှင်းကောင်းမွန်ရေးနှင့် မိမိဒေသသို့ လာရောက်သော ဧည့်သည်များအတွက် စိတ်ဝင်စားဖွယ်နေရာများ ထပ်မံတိုးချဲ့ဖော်ထုတ်ရေးတို့ကို ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၈/၂၉) လမ်းနေ သားကြီး မျိုးမင်းထွန်း ခုနစ်နှစ်ပြည့်နှင့် သားငယ် ဒေါက်တာအောင်ဇော်ထွန်း (၁၁) လပြည့်တို့အား ရည်စူး၍ ဦးလှထွန်း (လှထွန်း-တွံတေး)နှင့် ဇနီး ဒေါ်ညွန့်ညွန့်သန်း၊ သားသမီးမြေးများက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန်　ဇူလိုင်　၁၆

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် စုပေါင်းအလှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်၍ ဇူလိုင် ၂၀ ရက်နောက်ဆုံးထားပြီး နာယကများ ဖြစ်ကြသော ဦးမြင့်အောင် ဖုန်း-၇၂၃၈၄၉၊ ဦးစံတင် ဖုန်း-၇၀၉၂၁၈၊ ဥက္ကဋ္ဌ ဦးသိန်းထွန်း ဖုန်း-၃၈၁၉၆၀၊ ဒု-ဥက္ကဋ္ဌ ဦးမင်းရွှေ ဖုန်း-၅၉၉၂၃၉၊ ဒု-ဥက္ကဋ္ဌ ဦးအောင်သာထွန်း ဖုန်း-၅၇၂၂၅၈နှင့် အတွင်းရေးမှူး ဦးသန်းရွှေ ဖုန်း-၀၉-၇၃၀၂၄၁၉၄ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စာအုပ်စာပေ လူ့မိတ်ဆွေ



နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၇)ကို ရွှေတံဆိပ်ဆုရှင် ဝူရှူအားကစားမယ်လေး အေးသစ္စာမြင့်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ကို(တက္ကသိုလ်)၊ ကြူကြူသင်း၊ ဝင်းဝေနောင်၊ မြတ်ဘုန်း (တပ်ကုန်း)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ရွှေညာသားမြတ်မင်း၊ တင်လင်းဇော်၊ မလေး(မုံရွာ)တို့၏ အဖွင့်ကဗျာများ၊ ဗိုလ်ကလေးတင့်အောင်၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ တင်ဝင်း (ပညာရေး)၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ဇင်မင်း(သမိန်ထော)၊ ရွှေရင်နု၊ ကျော့ဝင်း (မိုးညှင်း)၊ ချစ်နိုင် (စိတ်ပညာ)၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ လှထွန်း (တွံတေး)၊ ဝင်းနိုင်သောင်း၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးကျော်စိန်(မန္တလေး)၊ မွှေးငယ်ငယ်၊ တက္ကသိုလ်စိုးယဉ်၊ မင်းသန့်မွန်၊ သလ္လာမောင်၊ စစ်ရဲအိမ်၊ နွေတာရာ၊ စာကြည့်တိုက်ခင်မောင်၊ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ အခန်းဆက်ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ်(၅၂၉၊ ၅၃၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းပညာရေးကောလိပ်ရှေ့ ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၈ နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။

ရှုမငြီး ခရီးသွားနှင့် ဓာတ်ပုံမဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ

ရှုမငြီး ခရီးသွားနှင့် ဓာတ်ပုံမဂ္ဂဇင်း အတွဲ (၂)၊ အမှတ် (၉)ကို ဇူလိုင်လမှစ၍ ပုံသဏ္ဌာန်ပြောင်း၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေလိုက်သည်။ မျက်နှာဖုံးဆောင်းပါးအဖြစ် ကျောက်ကလပ်နဲ့ လိပ်ကျွန်းအကြောင်းကို ရေးသားထားသည်။

ခရီးသွားလာခြင်းကို စိတ်ဝင်စားသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ သွားရောက်သင့်သည့် ကော့ဂွန်းလိုဏ်ဂူအကြောင်းပါဝင်သည်။ ဝါဆိုလအတွင်း ပွဲတော်များအကြောင်းနှင့် ဓာတ်ပုံပညာရပ်ဆိုင်ရာ ဆောင်းပါးများနှင့် ကင်မရာအကြောင်း တစေ့တစောင်းကိုလည်း ဖော်ပြထားသည့် ယင်းစာအုပ်ကို စာပေလောက(၅) အမှတ်(၁၃၈) ၁၄၀(ပ)ထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ဖုန်း-၇၂၁၈၁၇နှင့် ၀၉-၇၃၁၄၀၉၃၆ မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

Fruity Loop ဖြင့် ကိုယ်ပိုင်သံစဉ်များ ဖန်တီးနိုင်

Fruity Loop ဖြင့် ဂီတသံစဉ်များကို မိမိတို့စိတ်တိုင်းကျ ဂီတသံလှိုင်းများ၊ မိတ်ဖက်သံစဉ်များနှင့် စန္ဒရားသံများ ဖြည့်သွင်းခြင်း စသည့် စုံလင်သော အသံလှိုင်းများ ဖြည့်စွက်နိုင်သော အကောင်းဆုံး Software တစ်ခု၏ အကြောင်း၊ မိမိအာရုံမှာရှိသည့် သံစဉ်လေးကို ကိုယ်ပိုင် Computer နှင့် ဖန်တီးနိုင်ရန် ဂီတသီအိုရီတို့၏အကြောင်း၊ နည်းပညာနှင့် ဂီတကို ပေါင်းစပ်ဖန်တီးပုံ၊ ဂီတတူရိယာများ၏ သဘောသဘာဝ၊ တူရိယာတစ်ခုချင်းစီ၏ ဂီတသံများကို ဖန်တီးယူပုံ၊ သီချင်းတစ်ပုဒ်ဖြစ်လာသည်အထိ FL 10 ကို အသုံးပြုပုံ၊ သဘောတရားများကို ပြည့်စုံစွာ ဆက်စပ်နားလည်သွားအောင် အရှင်းဆုံးရေးသားထားသော Fruity Loop စာအုပ်ကို ဝင်းဟိန်းက ပြုစုရေးသားတင်ပြလိုက်သည်။ အဆိုပါ စာအုပ်ကို မဇ္ဈိမစာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"မမွစကြာ၊ စကြာရတနာ" တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉)**
၈း၅၀	ဝါဆိုလ၏ကောင်းမှုကုသိုလ်ပွဲ
၉း၀၀	မေတ္တာရေကြည် တစ်ပေါက်မှသည်
၉း၁၅	ကေသီပန်ဦးလှမြင့်၏ ဘဝ မှတ်တမ်းစာအုပ်မိတ်ဆက်ခြင်း အခမ်းအနား
၉း၃၀	Sunday Talk [ဦးစိုးညွန့်(မြန်မာနိုင်ငံငှက်အသင်း ဥက္ကဋ္ဌ)၊ မျိုးမြတ်သူ]
၁၀း၀၅	ဂီတသမားတို့ရဲ့ရင်ခုန်သံများ
၁၀း၃၀	ဗီဒီယိုပြခန်း
၁၀း၅၅	ဈေးဝယ်လမ်းညွှန်
၁၁း၂၀	နယဉ်ဆန်းထွင်ပန်းအလှဆင်
၁၁း၅၅	PRARAM 9 HOSPITAL (Part-2)
၁၂း၃၅	အရေပြားနှင့်ယှဉ်သော လေးဖက်နာ (ပါမောက္ခဒေါက်တာချစ်စိုး)
၁း၀၀	"မမွစကြာ၊ စကြာရတနာ" တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၃၀	အောင်မြင်မှုတို့ဖော်ညွှန်းရာ. . . ချင်းတွင်း College မှာ
၃း၅၀	ခေတ်မီဆန်းသစ်ဒီဇိုင်းသစ်များနှင့် ကြိုဆိုနေမည့်. . . New Star
၄း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉)**
၅း၀၅	ဆိတ်ငြိမ်အေးချမ်းခြင်းနှင့်အတူ MYANMAR LIFE HOTEL
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	FMF Selection
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၈)**
၇း၃၀	သွားမယ်စားမယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	Activities In The City
၈း၄၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ
၉း၀၅	Kid's Show
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၁၀)**
၁၀း၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၅၅	ပရိမီယာလိဂ်ရင်ခုန်သံ
၁၁း၂၀	Omega-3 Fatty acids
၁၁း၃၅	ဟိုတယ်လမ်းညွှန်
၁၁း၅၅	နတ်လူသာဓုခေါ် စေသော်ဝ် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁၂း၁၅	Box Office Movies
၁၂း၄၀	ဘဝအမောပြေ ပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
၁း၀၀	SINGAPORE SUNDAY
၁း၁၅	စက္ကူရွက်ဝေရှမ်းထီးသက်သေ
၁း၃၀	ရောင်စုံရသနီယွန်ည
၂း၀၅	ဝိရောဓိ CONTRA
၂း၁၀	ဘဝများ (ဆုပန်ထွာ)
၂း၃၅	ဝင့်ကြွားအားမာန် "ကတိုက်"တမံ
၂း၄၀	စွဲမက်ဖွယ်ရာရတနာ
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅	ရမ္မာဝတီသို့. . . ရွက်လွှင့်ခြင်း
၄း၂၅	စိတ်ချယုံကြည် Global Wave Technology
၄း၃၅	မုံရွာမြို့သို့အလည်တစ်ခေါက်
၄း၅၀	ရှုတိုင်းလှသည် ပထက်တောင် အတုလရံသီ
၅း၀၀	အစီအစဉ်ပြီး။

နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကျင်းပနိုင်ရေး ဗဟိုကော်မတီ ပထမအကြိမ်စည်းဝေး

နေပြည်တော် ဇူလိုင် ၁၆

နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် နေပြည်တော်၌ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဇူလိုင် ၁၄ ရက် ညနေ ၄ နာရီခွဲတွင် သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအစည်းအဝေးကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီဝင်များနှင့် ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကို ဩဂုတ် ပထမပတ်အတွင်း မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းပေးထားသော လုပ်ငန်းကော်မတီအလိုက် လိုအပ်သော အစီအမံများကို ကြိုတင်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်နှင့် အစည်းအဝေးကို နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီအသီးသီးတွင် ပါဝင်သည့် ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းရှင်များက မိမိတို့ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြရန်မှာကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ် သတင်းများ

အမြို့မြို့အနယ်နယ် သတင်းများ

အမြို့မြို့အနယ်နယ် သတင်းများ

ဝါးခယ်မမြို့ သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေး ဝန်ထမ်းများ ကမ်းနားလမ်း ပလက်ဖောင်းတစ်လျှောက်နှင့် ရေမြောင်းများတွင် ချုံနွယ်နှင့် မြက်ပင်များ ရှင်းလင်းခြင်းကို ဇူလိုင် ၁ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာနေ ရာအိမ်မှူးများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီနှင့် အချိုမှုန့် ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၀ ရက်က ကျေးရွာစမ္မာရုံ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သူရလှိုင်တို့ ရာအိမ်မှူးများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

သံတွဲခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့၏ ဦးဆောင်မှုဖြင့် သံတွဲမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် သစ်တောဦးစီးဌာနတို့က အနီးကပ်ကြီးကြပ်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က သံတွဲမြို့နယ် ရွှေကျောင်းပြင်ကျေးရွာ စက်မှု/လယ်ယာခြံဝင်း အတွင်း၌ ကျင်းပစဉ်။ (ခရိုင်ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

ဝါးခယ်မ ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့ လှေကျင်းရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်အေးရီနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ၊ ကြက်ခြေနီနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ မြောင်းများအတွင်းရှိ ချုံနွယ်များ ရှင်းလင်းခြင်း၊ ခြင်းဆေးဖျန်းခြင်း၊ အိမ်ထောင်စုအားလုံးရှိ မိုးရေလှောင်ကန်၊ ရေစည်၊ ရေအိုးများ အားလုံးတွင် ပိုးလောက်လမ်းနှိမ်နင်းဆေးများ ခတ်ခြင်းကို ဆောင်ရွက်ပေးခဲ့ကြသည်။

(ကြေးမုံ)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်ခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဈေးရောင်းပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက်က ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။ (၆၁၄)

ခင်ဦး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ခင်ဦး ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့ကကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်က ခင်ဦးရဲစခန်းဝင်း အတွင်းရှိ ရဲသူရိန်ရိပ်သာ၌ ကျင်းပသည်။ အခမ်းအနားတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မေးခွန်းလွှာများပေး၍ ဖြေဆိုစေခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဗွီစီဒီဖြင့် ယှဉ်တွဲပြသရှင်းလင်းခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ကြပ်ကြီးဇော်ဝင်းက မော်တော်ယာဉ်အသင်းများမှ ဂိတ်မှူး၊ ဂိတ်ကြိုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ မော်တော်ယာဉ်အသင်းသားများအား သိသင့်သိထိုက်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့သည်။

(ကြေးမုံ)

ရေစီးရေလာကောင်းမွန်ရေး စစ်ဆေး

ခရမ်း ဇူလိုင် ၁၆

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပျိုးဥယျာဉ်၌ ပျိုးထောင်ထားရှိသည့် ပန်းပင်များအား အချိန်မီ မြေချ စိုက်ပျိုးနိုင်ရေးနှင့် မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်တွင် ဆောင်ရွက်ခဲ့သော ကန်တော်လေးလမ်း ရေပြွန်တံတားနှင့် ရေစီးရေလာကောင်းမွန်ရေး ချုံ၊ မြက်များရှင်းလင်းခြင်းနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ဇူလိုင် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်က ကွင်းဆင်းစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြသည်။

(မြို့နယ်စည်ပင်)

ရန်ကုန် အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ စီမံမှုအောက်တွင် ပြေးဆွဲလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်များ၌ ခရီးသည်များအား ပြန်အမ်းငွေအကြွေများ အဆင်ပြေစေရေးအတွက် ဌာနခွဲများရှိ ယာဉ်လိုင်းတာဝန်ရှိသူများ ဇူလိုင် ၁၁ ရက်က ယာဉ်လိုင်းအလိုက် ယာဉ်နောက်လိုက်များအား ငွေအကြွေအသစ်များ လဲလှယ်ပေးကြစဉ်။ (၅၀၆)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် Made in Thailand Exhibition 2011 ပြပွဲသို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်နှင်းဝေ၊ အလုပ်အမှုဆောင် ဒေါ်လှလှမျိုး၊ အသင်းဝင် ဒေါ်ကြည်ကြည်ဌေး၊ ဒေါ်ခင်ချိုသက်နှင့် ဒေါ်ပြည့်ပြည့်တို့ ဇူလိုင် ၁၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ တွေ့ရစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၆

၂၀၁၁ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံခန့်သည် လူငယ်များ ဖြစ်ကြသည့်အတွက် နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် သက်ကြီးရွယ်အိုများအား အလေးထားစောင့်ရှောက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းပြီး သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ရပ်ရွာလူထု တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် လှုံ့ဆော်မှုများကိုလည်း ပြုလုပ်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များက ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ၏ ဆုရပိုစတာနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

စိန်မိုက်ကယ်ကျောင်းမှ ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးနှင့် အထွေထွေစောင့်ရှောက်ရေးလုပ်ငန်းကော်မတီက ပြုလုပ်သည့် ဒုတိယအကြိမ်မြောက် ဆရာကြီး၊ ဆရာမကြီးများအား အထူးကျန်းမာရေးဆေးစစ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ အထူးကျန်းမာရေး ဆေးစစ်ပေးခြင်း ကုန်ကျစရိတ်များကို လှူဒါန်းသော အလှူရှင် ကျောင်းသားဟောင်းတစ်ဦးနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းကာ ဆရာကြီး၊ ဆရာမကြီး ၄၃ ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးစဉ်။ (ကြေးမုံ)

ပုဇွန်တောင်မြို့နယ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းထူထောင်ရေး ဆင့်ပွားသင်တန်းနှင့် စံပြဆုရကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက်က အလက(၂) ပုဇွန်တောင်ကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီက မြို့နယ်အဆင့် ကျောင်းကျန်းမာရေးစံပြ ပထမဆုရ အမက(၆) ပုဇွန်တောင်ကျောင်းအား ဆုချီးမြှင့်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်း ဆုလက်ခံစဉ်။ (ကြေးမုံ)

မြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၆

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၃	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၂၆	၂၀	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၂	၁၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၈	၂၅	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၈	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၃	၂၆	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၇	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၂၉	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၉	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၀	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၈	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၉	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၇	နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲ အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကျောက်ဖြူမြို့နှင့် ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၆၄ လက်မစီ၊ ဂန့်ဂေါမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၃၇ လက်မ၊ မိုးညှင်းမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ဂွမြို့နှင့် ကိုကိုးကျွန်းမြို့တို့တွင် ၂ ဒသမ ၁၂ လက်မစီနှင့် မုံရွာမြို့တွင် ၁ ဒသမ ၄၉ လက်မတို့ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအန	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

နှစ်လုံးထီလောင်းကစားသူ သုံးဦးအား ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇူလိုင် ၁၆

ဒလမြို့နယ် အောင်မင်္ဂလာရပ်ကွက် ချောင်းပတ်လမ်းတွင် နှစ်လုံးထီလောင်းကစားပြုသူ သုံးဦးအား ဒလမြို့နယ်တရားရုံးမှ တစ်ဦးလျှင် အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်ခြောက်လစီ ပြစ်ဒဏ်ချမှတ်လိုက်သည်။

ဒလမြို့နယ် အောင်မင်္ဂလာရပ်ကွက်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း ဒလရဲတပ်ဖွဲ့စခန်းမှ သတင်းရရှိသဖြင့် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၈ ရက်က သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ အောင်စိုးထွန်း (၂၃)နှစ်၊ အောင်ဖြိုး (၂၅)နှစ်နှင့် ဝင်းအောင်ကို (၂၅)နှစ်တို့အား လယ်ဂျာ၊ ဘောက်ချာ စာအုပ်များ၊ လောင်းကြေးငွေကျပ် ၁၂၀၄၅၀နှင့်အတူ ရှာဖွေဖမ်းဆီးရမိသည်။

ဒလရဲတပ်ဖွဲ့စခန်းမှ တရားခံများကို (ပ) ၆၄၄/၂၀၁၀ လောင်းကစားပုဒ်မ ၁၅(က)/၁၆(က)အရ အမှုဖွင့်၍ ဒလမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးမှုအမှတ်(၁၄၈၂/၁၀)ဖြင့် လက်ခံကြားနာ စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တစ်ဦးလျှင် အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်ခြောက်လစီ ကျခံစေရန် ဇူလိုင် ၁ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ (၆၁၁)

ရန်ကုန် - တောင်တွင်းကြီး ယာဉ်လိုင်းပေါ်၌ ခရီးသည်တစ်ဦးသေဆုံး

နေပြည်တော် ဇူလိုင် ၁၆

ရန်ကုန်မြို့နှင့် တောင်တွင်းကြီးမြို့သို့ ပြေးဆွဲလျက်ရှိသည့် မြို့သစ်-ဒဂုံ ခရီးသည်တင် မှန်လုံယာဉ်ပေါ်တွင် လူတစ်ဦး သေမှုသေခင်းဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂ ရက် နံနက် ၆ နာရီခွဲခန့်တွင် ရန်ကုန်မြို့မှ ထွက်ခွာလာသော မြို့သစ်-ဒဂုံလိုင်း ယာဉ်အမှတ် ၁ခ/----သည် တောင်တွင်းကြီးမြို့ အဝေးပြေးကားကြီးဂိတ်သို့ ဆိုက်ရောက်လာစဉ် ခုံအမှတ်(၂၇)တွင် စီးနင်းလိုက်ပါလာသော ခရီးသည်တစ်ဦးမှာ သေဆုံးလျက်ရှိသဖြင့် သတင်းအရ တောင်တွင်းကြီးမြို့မရဲစခန်းမှ စခန်းမှူး ရဲအုပ်စန်းအောင်နှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူ၏ အင်္ကျီ အိပ်ကပ်အတွင်းမှ ရရှိသည့် မှတ်ပုံတင်အရ သေဆုံးသူမှာ ဦးမောင်ပု(၆၅)နှစ် (ဘ)ဦးချစ်ရွှေ ပပနလုပ်သား(ငြိမ်း)ရွာမွန်ကျေးရွာနေသူဖြစ်ကြောင်း သိရသည်။ အလောင်းအား တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်ခဲ့ပြီး တောင်တွင်းကြီး မြို့မရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ်(၆/၂၀၁၁)ဖြင့် အမှုဖွင့်လှစ်ထားကာ အမှုစစ်စခန်းမှူး ရဲအုပ်စန်းအောင်က ရဲလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ (၁၂၈)

ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း အသား၊ ငါးနှင့် အစားအသောက်ရောင်းချသူများက ယင်လုံဆန်ခါအသုံးပြု၍ ရောင်းချစေရန်နှင့် ဈေးရောင်းချသူများ အလေးချိန်ခွင်မှန်ကန်စွာ ရောင်းချစေရေးအတွက် ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် ဈေးအဖွဲ့ဝန်ထမ်းများက ဇွန် ၂ ရက်တွင် အဖွဲ့ပိုင်ဈေးအတွင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ရေပြွန်တံတား တည်ဆောက်မှုကြည့်ရှု

မင်းဘူး ဇူလိုင် ၁၆

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ဆင်ခေါင်း-စကုလမ်း ရေပြွန်တံတားများ တည်ဆောက်ထားရှိမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

✦ **ကျောဖုံးမှ**

အမေရိကန်နိုင်ငံ Oak Ridge သုတေသနဌာနရှိ Cray XT5 Jaguar စူပါကွန်ပျူတာသည် ကမ္ဘာပေါ်တွင် တတိယအမြန်ဆုံး ကွန်ပျူတာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖော်ညွှန်းလျက်ရှိ

၂၀၁၁ ခုနှစ် ကမ္ဘာ့အမြန်ဆုံး ကွန်ပျူတာများစာရင်းတွင် ဖော်ပြခံရသော စူပါကွန်ပျူတာ ငါးလုံးအနက် လေးလုံးမှာ ဂျပန်နှင့် တရုတ်နိုင်ငံတို့၌ တည်ရှိသည်။ ယင်းမှာ ကမ္ဘာ့စူပါကွန်ပျူတာနည်းပညာကို အာရှတိုက်က လွှမ်းမိုးထားမှုကို ဖော်ညွှန်းလျက်ရှိသည်။ ***အင်တာနက်။***

ဇွန် ၂၁ ရက်က ပဲခူးမြို့ ရဲစခန်းလမ်းကတ္တရာလမ်းပေါက်များ ဖာထေးခြင်း လုပ်ငန်းကို ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရန်နောင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၁)နေပြည်တော်အားကစားကွင်း အုပ်စု(က)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၁၆ ဂိုး

(ရဲဇာနည်ထွန်း-ငါးဂိုး၊ စိုးဝင်းသန်း-သုံးဂိုး၊ အောင်မြတ်သူ-သုံးဂိုး၊ အောင်သူဟိန်း-နှစ်ဂိုး၊ ဝေဖြိုး၊ ထက်နိုင်ဝင်း၊ ရဲလင်းကို)

တရားလွှတ်တော်ချုပ်ရုံး ဂိုးမရှိ

(ဒိုင်လူကြီး) ဦးထွန်းရှင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(ခ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန တစ်ဂိုး

(ဇေယျာဖြိုး)

စီးပွား/ကူးသန်းဝန်ကြီးဌာန တစ်ဂိုး

(တင်ဇော်လင်း)

(ဒိုင်လူကြီး) ဦးတင်ထွန်းလေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(က)

မွေး/ရေ ဝန်ကြီးဌာန တစ်ဂိုး

(သူရိန်ဖြိုး)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန တစ်ဂိုး

(အေးချမ်းဖြိုး)

(ဒိုင်လူကြီး)ဦးဆန်းဌေး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၈-၇-၂၀၁၁ (တနင်္လာနေ့) ပွဲစဉ်များ

အမှတ်(၁) နေပြည်တော်အားကစားကွင်း အုပ်စု(ခ)

စွမ်းအင် နှင့် ဆောက်လုပ်ရေး

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(ဂ)

လယ်/ဆည် နှင့် သိပ္ပံ/နည်းပညာ

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ဂ)

ပို့ဆောင်ရေး နှင့် စက်မှု(၂)

(၁၀၇)



၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်တွင် အမှတ် (၂) နေပြည်တော်အားကစားကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ကရာတေးဒို လက်ရွေးစင်အသင်း တရုတ်သို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၆

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Quanzhou ပြည်နယ် Fujian မြို့၌ ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာရှအကြီးတန်း ကရာတေးဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ကရာတေးဒို အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဦးဝင်းဇော်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** မြန်မာ ကရာတေးဒိုအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်/ အုပ်ချုပ်သူအဖြစ် ဦးထိန်ဝင်းမြင့်၊ ဒိုင်လူကြီးစာမေးပွဲဖြေဆိုရန် ဒိုင်ငါးဦးနှင့် အမျိုးသားအားကစားသမားလေးဦး စုစုပေါင်းအဖွဲ့ဝင် ၁၀ ဦး လိုက်ပါသွားကြသည်။ (သတင်းစဉ်)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဟင်္သာတတက္ကသိုလ် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၄ ရက်ထိ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ပထမတံခွန်စိုက်ဆုရရှိသော ဓာတုဗေဒ(အမျိုးသား) ဘောလုံးအသင်းအား ဇူလိုင် ၁၄ ရက်က ဟင်္သာတတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့် ဆုချီးမြှင့်စဉ်။ (၆၃)

နေပြည်တော်၌ကျင်းပမည့် ပထမအကြိမ် Champion Challenge Cup ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၁၆

မကွေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏ စက်တင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပမည့် ပထမအကြိမ် Champion Challenge Cup Tournament 2011 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေး တာဝန်ခွဲဝေပေးအပ်ခြင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီတွင် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းမြင့်က မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အောင်မြင်မှုရရှိရေးအတွက် ယခုကျင်းပမည့် Champion Challenge Cup Tournament 2011 ပြိုင်ပွဲကို သတ်မှတ်အားကစားနည်း ၁၃ မျိုးဖြင့် ကျင်းပမည်ဖြစ်ရာ သတ်မှတ်စံချိန်မီ တိုင်းဒေသကြီး လက်ရွေးစင်နှင့် လူသစ်အားကစားသမားများ၏စာရင်းကို တင်ပြမှတ်တမ်းတင်နိုင်ရေးအတွက် ရှင်းလင်းပြောကြားပြီး ခရိုင်နှင့် မြို့နယ်ဦးစီးအရာရှိများက အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

ရိုးမားဂိုးသမား အလက်ဇန်ဒါဒိုနီကို လီဗာပူးခေါ်ယူ

လန်ဒန် ဇူလိုင် ၁၆

ရာသီသစ်အတွက် အကောင်းဆုံး ပြင်ဆင်မှုပြုလုပ်နိုင်ရန် ကြိုးစားနေသည့် လီဗာပူးအသင်းသည် ရိုးမားအသင်းမှ ဘရာဇီးနိုင်ငံသား အလက်ဇန်ဒါဒိုနီကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။



မန်စီးတီးအသင်း ခေါ်ယူလိုနေသည့် အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး ဆာဂျီယိုအဂူရို။

လီဗာပူးအသင်းသည် အသက် (၃၁) နှစ်ရှိပြီဖြစ်သည့် ဒိုနီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူကာနှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ဒိုနီသည် ရိုးမားအတွက် ခြောက်ရာသီတွင် ၁၇၉ ပွဲ ကစားပေးထားခဲ့သည်။ ထိုခြောက်ရာသီတွင် ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်တို့တွင် ကိုပါအီတာလီယာဖလားနှင့် စူပါကိုပါအီတာလီယာဖလားတို့ကို ရရှိခဲ့ဖူးသည်။ ဒိုနီသည် သမ္မာရင့်ဂိုးသမားတစ်ဦးဖြစ်သော်လည်း လီဗာပူးအသင်းတွင် ဂိုးသမားရေနာ ရှိနေခြင်းကြောင့် ပထမဂိုးသမားနေရာရရန်မှာ မလွယ်ကူလှပေ။ လီဗာပူးအသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့တွင် ဆန်းဒါးလန်းအသင်းမှ ဂျော်ဒန်ဟန်ဒါဆင်၊ ဘလက်ပူးအသင်းမှ ချာလီအဒမ်၊ ဗီလာအသင်းမှ စတီးဝပ်ဒေါင်းနင်းတို့ကို ခေါ်ယူထားပြီးဖြစ်၍ ဒိုနီနှင့်ဆိုလျှင် လေးဦးရှိသွားပြီဖြစ်သည်။

ESPN

ဟန်သစ်

မန်စီးတီးအသင်း အဂူရိုနှင့် နာဆရီတို့ကို ခေါ်ယူနိုင်ရေး ဆက်လက်ကြိုးပမ်း

လန်ဒန် ဇူလိုင် ၁၆

အောင်မြင်မှုကို ငွေကြေးဖြင့်ဝယ်ယူရန် ကြိုးပမ်းနေသည့် အဘူဒါဘီအုပ်စုပိုင် မန်စီးတီးအသင်းသည် ထိပ်တန်းကစားသမား အများအပြားကို ဝယ်ယူလျက်ရှိရာ ယခုအချိန်တွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယိုအဂူရိုနှင့် အာဆင်နယ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား နာဆရီတို့ကို ခေါ်ယူနိုင်ရန် အစွမ်းကုန် ကြိုးပမ်းလျက်ရှိနေသည်။

မန်စီးတီးအသင်းသည် အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် တိုက်စစ်မှူး တီဗက်ဇ်အတွက် ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၄၀ သတ်မှတ်ထားသည်။ ယခု မန်စီးနီခေါ်ယူရန် ကြိုးပမ်းနေသည့် အာဂျင်တိုင်းသား ဆာဂျီယိုအဂူရိုအတွက် ပေါင် ၃၅ သန်း ဝန်းကျင်နှင့် ပြင်သစ်သား နာဆရီအတွက် ပေါင် ၂၇ သန်းဝန်းကျင် ပေးရဖွယ်ရှိနေသည်။ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် အာဆင်နယ်အသင်းတို့က ၎င်းတို့၏ကစားသမားကို လုံးဝရောင်းချမည်မဟုတ်ဟု ပြောဆိုထားသော်လည်း မန်စီးတီးဘက်က လုံးဝလက်လျှော့သွားလိမ့်မည်မဟုတ်ဟု ထုတ်ဖော်ပြောကြားကာ ၎င်းကစားသမားနှစ်ဦးကို ခေါ်ယူနိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည်ဟုဆိုသည်။ **ESPN**

ဝေါမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ဝေါ ဇူလိုင် ၁၆

ဝေါမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းနှင့် ရှမ်းလမ်းထောင့်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ဦးစံရင် ဥက္ကဋ္ဌ ဖုန်း-၀၉-၅၄၁၀၀၃၀၊ ဒုတိယဗိုလ်မှူးကြီးစိုးတင့်(ငြိမ်း)ဒု-ဥက္ကဋ္ဌ ဖုန်း-၀၉-၅၁၃၉၆၆၉၊ ဦးတင်ကြည် ဘဏ္ဍာရေးမှူး ဖုန်း-၀၉-၇၃၀၄၄၄၅၊ ဦးသန်းမြင့် ဒု-ဥက္ကဋ္ဌ ဖုန်း-၀၁-၇၂၈၁၆၆၊ ဦးကျော်မင်း အထွေထွေအတွင်းရေးမှူး ဖုန်း-၀၉- ၇၃၁၀၇၉၂၃၊ ဦးယဉ်ထွေး အတွင်းရေးမှူး(၂) ဖုန်း-၀၉-၅၀၂၆၁၁၅၊ ဦးနီပေါ စည်းရုံးရေး ဖုန်း-၀၁-၅၇၀၅၆၆၊ ဦးမြင့်အေး(ခ)ဦးဖိုးထောင် စည်းရုံးရေး ဖုန်း-၀၁-၆၉၉၃၂၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အမေရိကန်နိုင်ငံနေ Mr.Chor Chai နှင့် Marie Tan မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၄၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင်တို့ လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဇွန် ၂၈ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ကျန်းမာပျော်ရွှင်နေစေချင် ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့အလျင်မြန်ဆုံး စူပါကွန်ပျူတာ ဂျပန်သိပ္ပံပညာရှင်များ ထုတ်လုပ်

တိုကျို ဇူလိုင် ၁၆

ဂျပန်သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော စူပါကွန်ပျူတာသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး တွက်ချက်ပေးနိုင်သည့် ကွန်ပျူတာဖြစ်ကြောင်း ဂျပန် ကွန်ပျူတာပညာရှင်များအသင်းက ပြောကြားသည်။

ခန်းကြီး (Kanji) သို့မဟုတ် ကေ(K)ဟု အမည်ပေးထားသော အဆိုပါကွန်ပျူတာသည် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း ၈ ဒသမ ၂ ကွာဒရီလီယမ်အထိ လုပ်ဆောင်နိုင်သည်။ ယင်းမှာ လက်ပ်တော့ကွန်ပျူတာ အလုံးပေါင်း တစ်သန်း၏ စုပေါင်းတွက်ချက်နိုင်မှု စွမ်းပကားနှင့် တူညီသည်။

K စူပါကွန်ပျူတာသည် တရုတ်နိုင်ငံရှိ ကာကွယ်ရေးနည်းပညာ တက္ကသိုလ်က တည်ဆောက်ခဲ့သော Tianhe-1A စူပါကွန်ပျူတာထက် သုံးဆ ပိုမိုလျင်မြန်စွာ တွက်ချက်ပေးနိုင်သည်။ တရုတ်နိုင်ငံ၏ စူပါကွန်ပျူတာသည် တစ်စက္ကန့်လျှင် ၂ ဒသမ ၅ ကွာဒရီလီယမ် တွက်ချက်ပေးနိုင်သည်ဟု လွန်ခဲ့သည့်နှစ်က ထုတ်ပြန်ကြေညာခဲ့သည်။

K စူပါကွန်ပျူတာကို ဖူဂျစ်ဆု ကုမ္ပဏီက တည်ဆောက်ခဲ့ပြီး ဂျပန်နိုင်ငံ ကိုဘေးမြို့ရှိ ကွန်ပျူတာသိပ္ပံဆိုင်ရာ အဆင့်မြင့်သိပ္ပံ၌ထားရှိသည်။

K စူပါကွန်ပျူတာသည် ကမ္ဘာပေါ်ရှိ အခြားသော စူပါကွန်ပျူတာများထက် ပိုမိုလျင်မြန်စွာ တွက်ချက်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ တင်နက်ဆီတက္ကသိုလ်မှ လျှပ်စစ်အင်ဂျင်နီယာနှင့် ကွန်ပျူတာသိပ္ပံ ပါမောက္ခ ဂျက်ဒွန် ဂါယာက ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့✦

ကွန်ပျူတာနည်းပညာ အင်တာနက်သတင်း

ဘာသာပြန်-တက်လူ

ဂျပန် သိပ္ပံပညာရှင်များ တီထွင် ထုတ်လုပ်ထားသော K အမည်ရှိ စူပါကွန်ပျူတာကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ယနေ့ သတင်းအညွှန်း

သဘာဝကပ်ဘေးနှင့် ဆိုမာလီပြည်သူများ (သတင်း)စာမျက်နှာ - ၄

ပုဂံ-ညောင်ဦးဒေသ နိုင်ငံခြားခရီးသည်များ တိုးတက်ဝင်ရောက်ရေး ဆွေးနွေး (သတင်း)စာမျက်နှာ - ၇

အာဆီယံနိုင်ငံများ ကျောက်မီးသွေးကောင်စီ ပထမအကြိမ် စည်းဝေး (သတင်း)စာမျက်နှာ - ၈

စင်ကာပူလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း ဒေါ်လာ ငါးသန်းကုန်ကျခံ ရိုက်ကူးမည် (သတင်း)စာမျက်နှာ - ၆

အင်္ဂလန်နှင့် နာဆီရီတို့ကို ဒေါ်ယူနိုင်ရေး မန်စီးတီးအသင်း ကြိုးပမ်း (သတင်း)စာမျက်နှာ - ၁၀

တောင်တွင်းကြီး၌ နှမ်းစပါးစံကွက်ရိတ်သိမ်း

တောင်တွင်းကြီး ဇူလိုင် ၁၆

တောင်တွင်းကြီး မြို့နယ် တရုပ်ကောအုပ်စု ကန်တော်ကြီး ဆည်ရေသောက် ကွင်းအမှတ်(၂၆၃၂) ဦးပိုင်အမှတ်(၅၃) တောင်သူ ဦးသိန်းစိုး၏ ဆင်းနွယ်ရင် နှမ်းစပါး ၆ ဒသမ ၉၁ ဧက စိုက်ခင်း စံကွက်ရိတ်သိမ်းနေမှုကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက မကွေးခရိုင်မြေစာရင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးအေးမောင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး တောင်သူများ၏ လိုအပ်ချက်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

ရိတ်သိမ်းသည့် နှမ်းစပါးစံကွက်မှာ ကောင်းအဆင့်ရှိ၍ ခြောက်သွေ့ပြီး တစ်ဧက ၁၀၈ ဒသမ ၂၆ တင်းနှုန်း ထွက်ရှိသည်။ ယခုနှစ် တောင်တွင်းကြီးမြို့နယ်တွင် နှမ်းစပါး ၃၃၉၈ ဧက စိုက်ပျိုးခဲ့ရာ ယခုအခါ နှမ်းစပါးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်သည်။ ကျန်ရှိသည့် နှမ်းစပါးခင်းများလည်း ဇူလိုင် ဒုတိယပတ်အတွင်း ရိတ်သိမ်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ (၅၈၀)